# ကြေးမုံ
The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့၊ (14-5-2015) (၈၂၀၀)


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

## သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ

စာမျက်နှာ » ၃



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇူမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# အများပြည်သူ ကျေနပ်လက်ခံပါက ရန်ကုန်မြို့တော် သန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်စေမည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အမှိုက်သိမ်းဆည်းခြင်းနှင့်သိမ်းဆည်းအမှိုက်များအား စွန့်ပစ်အမှိုက်ပုံသို့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို အများပြည်သူ ကျေနပ်လက်ခံပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်စေမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**

**ယာယီသက်သေခံလက်မှတ်အကြောင်း သိကောင်းစရာ(၂)**

စာ » ၆

**ညှိစာရင်းဖြင့် နေထိုင်သူများအား အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း မဲပေးခွင့်ရှိ**

စာ » ၁၀




MHR Centre II BUSINESS INSTITUTE

အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင် ထူးချွန်ထက်မြက်သည့် စီးပွားရေးပညာရှင်နှင့် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ပညာသင်ယူလိုသော သူများအတွက်

UK နိုင်ငံမှ တိုက်ရိုက်စစ်ဆေးချီးမြှင့်သော စီးပွားရေးပညာရပ် သင်တန်းများ

CIMA Chartered Institute of Management Accountants

စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုမည့်သူများအတွက် (နိုင်ငံတကာအသိအမှတ်ပြု) စီမံခန့်ခွဲမှုနှင့် စာရင်းကိုင်ပညာရပ် Diploma

LCCI စာရင်းကိုင်ပညာကို အခြေခံမှစ၍ လေ့လာလိုသူများ အတွက် Level I & II, III

abe UK တက္ကသိုလ်များ၏ ပထမနှစ်နှင့် ညီမျှသော L4 Diploma in Business Management.
UK တက္ကသိုလ်များ၏ ဒုတိယနှစ်နှင့်ညီမျှသော L5 Diploma in Business Management.

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ် (၆၀)နှင့်အထက် ရရှိထားသူတိုင်းအတွက် CIMA (UK) ၏ Scholarship

No(27), မြေညီထပ်၊ အဆောင်(E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း

Contact
09 73223 777, 09 8628878

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

## သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အီဇူမိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂူချိလည်း တက်ရောက်သည်။

### ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**✻ရှေ့ဖုံးမှ**

သန့်ရှင်းရေးဌာနမှ ဆောင်ရွက်နေသော သန့်ရှင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ဆိုခဲ့ရာ ကုမ္ပဏီပေါင်း ခုနစ်ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကုမ္ပဏီနှစ်ခုအား ပဏာမရွေးချယ်ခဲ့သည်။ ယင်းကုမ္ပဏီနှစ်ခုမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်ရှိ အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းကို City Environmental Co.,ltd နှင့် ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ရှိ အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းအတွက် TYTC Services Company က ဆောင်ရွက်ရန် ပဏာမတင်ဒါ အောင်မြင်ခဲ့သည်။ ယင်းတို့အနေဖြင့် အဆိုပါလုပ်ငန်းများကို လက်ရှိတွင် လွှဲပြောင်းဆောင်ရွက်ခွင့် ရရှိမည် မဟုတ်ဘဲ ပုဂ္ဂလိကအမှိုက်သိမ်းစနစ်နှင့် အမှိုက်စွန့်ပစ်ခ ကောက်ခံမှုတို့အပေါ် အများပြည်သူ ကျေနပ်လက်ခံမှသာ စနစ်တကျ လွှဲပြောင်းပေးအပ်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးမင်းအောင်က ပြောသည်။

ပုဂ္ဂလိက အမှိုက်သိမ်းဆည်းဝန်ဆောင်မှုစနစ်အပေါ် အများပြည်သူ ကျေနပ်လက်ခံမှသာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ရာ ကနဦးအနေဖြင့် အများပြည်သူ၏ သဘောထားမှတ်ချက်ကို စစ်တမ်းကောက်ယူသွားမည်ဖြစ်သည်။ ပုဂ္ဂလိကမှ ဝန်ဆောင်မှုပေးမည့် အမှိုက်သိမ်းစနစ်၊ အမှိုက်စွန့်ပစ်ခ ကောက်ခံမှုနှုန်းထားတို့ ပါဝင်သည့် စာရွက်များကို စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ အိမ်ထောင်စုများထံ ဖြန့်ဝေသွားမည်ဖြစ်ပြီး အများပြည်သူ၏ သဘောထားမှတ်ချက် ကောက်ယူခြင်းကို မေ ၁၈ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဟု သိရသည်။

"ပုဂ္ဂလိက လွှဲပြောင်းတယ်ဆိုတာ အဓိကကတော့ ကျွန်တော်တို့ သန့်ရှင်းရေးဌာနက ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွေကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပြီးတော့ ဆောင်ရွက်နေတာပါ။ ဒါပေမယ့် Public Private Partnership ကို မလွဲမသွေ သွားရမှာဖြစ်တဲ့အတွက် နိုင်ငံတကာအဆင့်မီလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ဘက်က အဆင့်ဆင့်ရွေးချယ်ခဲ့တယ်။ အခုရွေးချယ်လိုက်တဲ့ ကုမ္ပဏီနှစ်ခုက နိုင်ငံတကာနည်းတူ အမှိုက်သိမ်းလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ အခြေအနေလည်း တွေ့ရှိရတဲ့အတွက် အများပြည်သူက ဆန္ဒရှိမယ်၊ လက်ခံမယ်ဆိုရင် ပုဂ္ဂလိကကို လွှဲပြောင်းပေးအပ်သွားမှာပါ" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးခင်ဝင်းက ပြောသည်။

လက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အိမ်ထောင်စုပေါင်း ခုနစ်သိန်းကျော်ရှိသည်။ ရန်ကုန်မြို့တွင် နေ့စဉ်ပျမ်းမျှ အမှိုက်တန်ချိန် ၁၆၅၀ ခန့် ထွက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် သန့်ရှင်းရေးလုပ်သား ၄၀၀၀ ခန့်၊ အမှိုက်ပုံး ၈၀၀၀ ကျော်၊ အမှိုက်လှည်း ၃၀၀၀ နီးပါး၊ အမှိုက်သိမ်းယာဉ် ၄၅၁ စီးဖြင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို အရှုံးခံဆောင်ရွက်နေသည်ဟု ဒုတိယဌာနမှူးက ပြောသည်။ ယင်းအပြင် နှစ်စဉ် သန့်ရှင်းရေးလုပ်ငန်းများအတွက် ဘတ်ဂျက်ပိုမိုလျာထား၍ တိုးတက်ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဆောင်ရွက်ခြင်းအပြင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု PPP စနစ်မှ ပုဂ္ဂလိကကဏ္ဍလွှဲပြောင်းဆောင်ရွက်စေခြင်းဖြင့် ယခုကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ယူလုပ်ကိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အမှိုက်စွန့်ပစ်ခ ကောက်ခံမှုအနေအထားမှာ မြို့တွင်းမြို့နယ်များတွင် တစ်ရက် ကျပ် ၂၀ နှုန်းဖြင့် တစ်လ ကျပ် ၆၀၀၊ မြို့တွင်းနှင့်ဆက်စပ်မြို့နယ်များတွင် တစ်ရက် ၁၅ ကျပ်နှုန်းဖြင့် တစ်လ ကျပ် ၄၅၀၊ ဆင်ခြေဖုံးမြို့နယ်များတွင် တစ်ရက် ၁၀ ကျပ်နှုန်းဖြင့် တစ်လ ကျပ် ၃၀၀ ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်မည်ဆိုပါက အမှိုက်စွန့်ပစ်စနစ်၊ အမှိုက်သိမ်းစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး အမှိုက်စွန့်ပစ်ခ ကောက်ခံမှုအနေဖြင့် မြို့တွင်းမြို့နယ်များတွင် တစ်ရက် ၅၃ ကျပ်ခန့်ဖြင့် တစ်လ ကျပ် ၁၆၀၀၊ မြို့တွင်းနှင့်ဆက်စပ်မြို့နယ်များတွင် တစ်ရက် ၄၆ ကျပ်နှုန်းဖြင့် တစ်လ ကျပ် ၁၄၀၀၊ ဆင်ခြေဖုံးမြို့နယ်များတွင် တစ်ရက် ကျပ် ၄၀ နှုန်းဖြင့် တစ်လ ကျပ် ၁၂၀၀ နှုန်း ကောက်ခံသွားရန် လျာထားကြောင်း သိရသည်။

**သတင်း-ဆုနှင်းလွဲ၊ ခင်ဇာလီ**
**ဓာတ်ပုံ - ဝဝ၁**



## တောင်ပိုင်းစွန်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ရမည်းသင်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကသာမြို့တွင် ၃ ဒသမ ဝ၇ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကျောက်တော်မြို့တွင် သုည ဒသမ ၅၉ လက်မနှင့် သီပေါမြို့တွင် သုည ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

## မြန်မာ့အသံ၏ Mobile Radio အစီအစဉ် မေ ၁၅ ရက်တွင် စတင်မည်

**နေပြည်တော် မေ ၁၃**

မြန်မာ့အသံ(ရေဒီယို)သတင်းများကို Mobile Phone များတွင် အလွယ်တကူနားဆင်နိုင်မည့် Mobile Radio အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ပူးပေါင်း၍ မေ ၁၅ ရက်တွင် စတင်တော့မည်ဖြစ်သည်။

နားဆင်လိုသူ ပြည်သူများအနေဖြင့် ဖုန်းနံပါတ် ဝ၁-၂၃၉၉၁၀၃ ကိုနှိပ်၍ Subscribe လုပ်လိုက်ရုံဖြင့် စက္ကန့် ၉၀ စာ မြန်မာ့အသံရေဒီယိုသတင်းများကို နံနက် ၈ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတစ်ကြိမ်၊ ည ၇ နာရီ တစ်ကြိမ် စုစုပေါင်း တစ်နေ့သုံးကြိမ် နားဆင်နိုင်ကြမည်ဖြစ်သည်။

Mobile Radio အစီအစဉ်အတွက် စက္ကန့် ၉၀ စာ Voice blast တစ်ကြိမ်ပေးပို့လျှင် ၅၄ ကျပ်နှုန်းဖြင့် တစ်ရက် သုံးကြိမ် ၁၆၂ ကျပ်နှုန်းအား Subscriber များ၏ ဖုန်းလက်ကျန်ငွေထဲမှ ကောက်ခံသွားမည်ဖြစ်သည်။ အကယ်၍ ဆက်လက်ရယူနားဆင်လိုခြင်းမရှိလျှင် Unsubscribe လုပ်လိုက်ပါက Voice blast ပေးပို့မှုအလိုအလျောက်ရပ်တန့်သွားမည်ဖြစ်သည်။

အဆိုပါ Mobile Radio အစီအစဉ်တွင် နောက်ဆုံးရပြည်တွင်းသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာသတင်းများကို နားဆင်ကြရမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဆားဘီးယားသမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ ဆားဘီးယားတပ်မတော်မှ Head of the Management for the Strategic Planning of the Sector for the Defence Policy ဖြစ်သူ ဗိုလ်မှူးချုပ် Slobodan Joksimovic နှင့် တာဝန်ရှိသူများ၊ ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးဇော်ထွန်းနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ယူအေအီးနိုင်ငံ၊ အဘူဒါဘီမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဘဲလ်ဂရိတ်ခံတပ်အတွင်း လေ့လာကြည့်ရှုစဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာသံရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဲလ်ဂရိတ်ခံတပ်သို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၃**

ဆားဘီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘဲလ်ဂရိတ်မြို့ Sava မြစ်နှင့် Danube မြစ်ဆုံတွင် တည်ရှိသည့် ဘဲလ်ဂရိတ်ခံတပ်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် ခံတပ်ရှိ Military Museum သို့ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆားဘီးယားတပ်မတော်နှင့် ပတ်သက်သည့် အထောက်အထားမှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဘဲလ်ဂရိတ်မြို့ရှိ ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်တွင် သံအမတ်ကြီးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပြီး သံရုံးဧည့်ခန်း၌ သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားသည်။

**(မြဝတီ)**

# သီပေါမြို့နယ်တွင် လေပြင်းနှင့်မိုးများရွာသွန်း၊ တောင်ကျရေများကြောင့် မန်း-လားရှိုးကားလမ်းရေလွှမ်း

**သီပေါ မေ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက အနောက်တောင်အရပ်မှ မိုးတိမ်များ တက်လာပြီး တစ်နာရီ ၁၀ မိုင်နှုန်းရှိ မိုးသက်လေပြင်းများ တိုက်ခတ်ကာ မိုးထစ်ချုန်းရွာသွန်းခဲ့သဖြင့် အေးရှားဝေါလ်တိုးဂိတ်အနီး မန်ဟဲကျေးရွာတွင် ဓာတ်တိုင်သုံးတိုင်ကျိုး၍ စမ်းမာလာဥယျာဉ်အတွင်းရှိ သစ်ပင်ကြီးတစ်ပင် ပြိုလဲသွားသည်။ မိုးရွာစဉ် မန်ကျည်းစေ့အရွယ်ခန့်ရှိ မိုးသီးများကျပြီး မြို့နှင်းများပိတ်ဖုံးကာ အုံ့ဆိုင်းညို့မှိုင်းခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ တောင်ကျရေများကျဆင်းပြီး ပန်ဆောက်ကျေးရွာ မန္တလေး-လားရှိုးကားလမ်း၌ ရေလွှမ်းမိုးသွားသည်။ ပန်ညူ၊ နောင်အန်ကျေးရွာ သီပေါကားလမ်းတစ်လျှောက် သစ်ပင်ကြီးများ၊ သစ်ကိုင်းများ ကျိုးကျခဲ့ပြီး ဆွတ်လန်းကျေးရွာ လူနေအိမ်များ၊ ဒုဋ္ဌဝတီမင်းသမီး စားသောက်ဆိုင်မှ သွပ်အမိုးများလန်ကာ ပျက်စီးသွားသည်။

သီပေါမြို့အတွင်း ဓာတ်တိုင်များ ကျိုးကျခြင်း၊ သစ်ပင်ကြီးများ ပြိုလဲခြင်းများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဌေးလွင်နှင့် လျှပ်စစ်ဝန်ထမ်းများက ပြန်လည်ပြုပြင်လျက်ရှိသည်။ ရေကျော်နေသော မန္တလေး-လားရှိုးကားလမ်းမှာလည်း ရေများ ပြန်လည်ကျသွားသဖြင့် ယခုအခါ မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိသည်ကို တွေ့ရသည်။

**စိုင်း(သီပေါ)**



# တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ကေအိုင်အေအဖွဲ့အချို့နှင့် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၃**

ကချင်ပြည်နယ် စီခန်းကြီးဒေသ နန့်လင်းပါကျေးရွာအနီးတစ်ဝိုက်တွင် တရားမဝင်သစ်များစုပုံထားရှိပြီး တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိရာ မေ ၁၁ ရက်တွင် ကေအိုင်အေအဖွဲ့အချို့နှင့် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ယင်းပတ်ဝန်းကျင်အား ရှင်းလင်းစဉ် တရားမဝင်ဝင်ရောက်နေသော တစ်ဖက်နိုင်ငံသား နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၅ ရက်နှင့် ၇ ရက်တို့တွင်လည်း နန့်လင်းပါကျေးရွာဝန်းကျင်၌ တရားမဝင်သစ်များ၊ သစ်တင်ယာဉ်များနှင့် တစ်ဖက်နိုင်ငံသားများကို ဖမ်းဆီးရမိခဲ့ပြီး ကေအိုင်အေအဖွဲ့အချို့နှင့်လည်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ညောင်တုန်း-ရွှာမ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှု ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ညောင်တုန်းမှ ရန်ကုန်မြို့ CNG ဆိုင်များသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးလျက်ရှိသော ညောင်တုန်း-ရွှာမ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ထန်းတပင်မြို့နယ် သံပရာခုံရွာအနီး လယ်ကွင်းပြင်အတွင်းတွင် ဓာတ်ငွေ့ယိုစိမ့်၍ မီးလောင်မှုဖြစ်ပွားကြောင်း မေ ၁၂ ရက် ညနေ ၄ နာရီခန့်တွင် သိရှိခဲ့ပြီး ပိုက်လိုင်းပြုပြင်ရေးအဖွဲ့သည် ညောင်တုန်းရေနံမြေမှ မီးသတ်တပ်ဖွဲ့နှင့်အတူ အခင်းဖြစ်ပွားရာနေရာသို့ အမြန်ဆုံး သွားရောက်ပြီး ပတ်ဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းမှုမရှိစေရန်နှင့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု မထိခိုက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ည ၁၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(ကြေးမုံ)**

# မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မောင်တော မေ ၁၃**

မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ မြို့မကျောက်ဗလီဆိုင်တန်း ဆိုင်ခန်းအမှတ် (၅၃/၅၄) တွင် မေ ၁၂ ရက် ည ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မအရှေ့ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ ဆိုင်ခန်းအမှတ် (၅၃/၅၄) ပိုင်ရှင် ဖွေယော့(၅၂)နှစ်၏ ဆိုင်ခန်းအတွင်း ခြင်ဆေးခွေထွန်းညှိပြီး ဆိုင်ခန်းပိတ်ချိန်တွင် မေ့လျော့ထားခဲ့ရာမှ အိမ်အသုံးအဆောင်ပစ္စည်းများကို မီးကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြီးကန်းပြင်နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘူးသီးတောင်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၀၀း၄၀ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အုတ်ကာ၊ အုတ်ခင်း၊ သွပ်မိုး RC နှစ်ထပ်အဆောက်အအုံ၏အပေါ် ၁၂ ခန်း၊ အောက်ဆိုင်ခန်း ကိုးခန်း စုစုပေါင်း ၂၁ ခန်း မီးလောင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာအုပ်စု အနောက်ရွာနေပိုင်ရှင် ဖွေယော့အား မောင်တောမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadnaya အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဟီရိုတို အီဇူမိအား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး တာတရှိဟိဂူချီလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၈ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ၊ လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်း(၃/၂၀၁၅)ဖွင့်ပွဲနှင့် ထားဝယ်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ်များနှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာများ၊ လူငယ်ပရဟိတ ဂေဟာများနှင့် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများအတွက် လူမှုဝန်ထမ်း ဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၆၇၀ ဒသမ ၀၁ သိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထားဝယ်မြို့ အိုးလုပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၅၃ ဒသမ ၂၇၅ သိန်းနှင့် ကျပ်သိန်း ၁၃၀ ခန့်တန်ဖိုးရှိ သွပ်အချပ် ၁၈၅၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အထက(၁)၌ဖွင့်လှစ်ထားသော လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်း (၃/၂၀၁၅)သို့ သွားရောက်ပြီး လူငယ်မောင်မယ် ၁၁၀ တို့ကို အားပေးလမ်းညွှန်ခဲ့ပြီး လောင်းလုံမြို့နယ် မောင်းမကန်စံပြကျေးရွာ မူကြိုကျောင်းတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၉ ရက်က ကျွန်းစုမြို့ ကျွန်းရတနာခန်းမ၌ ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ကျွန်းစုမြို့နယ် ခိုတောင်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂ ဒသမ ၄၄၅ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ မြိတ်မြို့နယ် စားမြိန်တောင်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၂ ဒသမ ၈၁၈ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း သိုလှောင်ရုံရှိ နှစ်ကြာစက္ကူဟောင်း(၃၈)မျိုးအား ပုံတိုက်အနေဖြင့် တင်ဒါခေါ်ယူရောင်းချသွားမည် ဖြစ်ပါသည်။
၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များ ရောင်းချရက် - ၁၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်
၃။ ပစ္စည်းများလာရောက်ကြည့်ရှုခြင်းနှင့် အာမခံစပေါ်ငွေ ပေးသွင်းရက် - ၁၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ရက်
၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်များသိရှိလိုခြင်း၊ တင်ဒါဖောင် ဝယ်ယူလိုခြင်းများအတွက် ၁၁-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်ထိ အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။ **တင်ဒါရောင်းချရေးအဖွဲ့**

**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်၊ ဖုန်း-၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄**


# လျှပ်စစ်ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

**ဝက်ထီးကန် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ဝက်ထီးကန်မြို့ လျှပ်စစ်ရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဝက်ထီးကန်မြို့ နဝင်းလမ်းတွင် 11 KV ဓာတ်အားလိုင်း ပေ ၇၀ နှင့် 200 KVA ထရန်စဖော်မာတစ်လုံးတို့အား တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးပြီဖြစ်၍ အိမ်ခြေ ၂၀၈ အိမ်ခန့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**


## ဝန်ထမ်းများ အမြန်ခန့်ထားလိုပါသည်။

| | |
|---|---|
| 1. Marketing Executive | M/F (15)Posts |
| 2. Data Collector | M/F (10)Posts |
| 3. Driver | M (5) Posts |
| 4. Accountant | F (3) Posts |
| 5. Electrical Engineer | M/F (3) Posts |

CV Form အပြည့်အစုံနှင့်တကွ (30.05.2015) နောက်ဆုံးထား၍ လာရောက် လျှောက်ထားနိုင်ပါသည်။
အမှတ်-၁၁၀၃၊ ပန္နက္ကလကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ Ph.01 8610253/4, 09 4318 7145, 09 791855555
Email: inmaikha2011@gmail.com

## မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၃၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

## မိုးကောင်းကင်

လင်းယုန်
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
က(၉/၁၀)၊ ပကွင်း၊ အောင်မင်္ဂလာအဝေးပြေး၊ ရန်ကုန်ဂိတ်။
ခရီးသွားမိဘပြည်သူများအတွက်...
ရန်ကုန်-မုံရွာ-အရာတော်-ပုလဲ
ရန်ကုန်-ထားဝယ်-မြိတ် ခရီးစဉ်များနှင့်
အသစ်တိုးချဲ့ခရီးစဉ်များအဖြစ်...
ရန်ကုန်-မန္တလေး-ရန်ကုန်
ရန်ကုန်မှနေ့စဉ် ည(၉း၀၀)နာရီ မန္တလေးမှနေ့စဉ်ည(၉း၀၀)နာရီ
SCANIA ကားသစ်ကြီးများဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဖုန်း-01-704685, 637643, 637644, 09-5161881, 09-31092548, 09-73208028, (ဗွေလာ်)-09-421074447

# ယာယီသက်သေခံလက်မှတ်အကြောင်း သိကောင်းစရာ(၂)

ဦးဟန်ညွန့် (ဥပဒေ)

*(ယမန်နေ့မှအဆက်)*

**စိစစ်မှုခံယူရဦးမည့်သူများ**

ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်အရ အချိန်ကာလတစ်ခုအတွက် ယာယီထုတ်ပေးခြင်းသာဖြစ်သဖြင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများမှာ စိစစ်မှုခံယူရဦးမည့်သူများဖြစ်ကြောင်း၊ ထို့အတွက် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများအား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖော်ဆောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအရေးအရာများတွင် ပါဝင်ခွင့်ပြုမည်ဆိုပါက ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၁ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အကြောင်းပြန်စာတွင် ပါရှိပါသည်။

**စိစစ်ချက်အရ**

စိစစ်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် ပုဒ်မ ၁၁ ပုဒ်မခွဲ(က)၌ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု သဘောရရှိပါကြောင်းလည်း ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းက လွှတ်တော်သို့ ပြန်ကြားခဲ့ပေသည်။

**နည်းဥပဒေနှင့်အညီ**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် ပြည်သူများအား ဥပဒေနှင့်အညီ နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်လက်မှတ်များထုတ်ပေးခဲ့ကြောင်း မှတ်သားရပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သော်လည်း အချို့ပြည်သူများသည် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားအရည်အချင်းပြည့်မီမှုမရှိသကဲ့သို့ နိုင်ငံခြားသားများလည်း မဟုတ်ကြပါ။ ထိုသို့သော အခြေအနေမျိုးတွင် ထိုသူများအတွက် ကိုင်ဆောင်သင့်သည့် လက်မှတ်ထုတ်ပေးရန် အမှန်လိုအပ်လာပြန်ပါသည်။ ထိုလိုအပ်ချက်ကို မည်သို့ဖြည့်ဆည်းခဲ့ကြပါသနည်း။ နည်းဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ကြကြောင်း အောက်ပါအတိုင်း ဆောင်းပါးရှင်က လေ့လာတွေ့ရှိရပါသည်။

**အထူးအမိန့်ဖြင့်**

၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေအပိုဒ် ၁၃(၁) (ဂ)တွင် မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းများရှိလျှင် စာရင်းထိန်းက ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ထိုနည်းဥပဒေအပိုဒ် ၁၃ (၁)(ဂ) နှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ၂၁-၁၂-၁၉၉၅ ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၁(နငသ- ၄)၆၆၄၀/အမတ ဖြင့် အောက်ဖော်ပြပါ အရည်အချင်းရှိသူများအား ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေးသွားရန် ညွှန်ကြားခဲ့ပါသည်-

(၁) အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား၊ အမတ ပုံစံ-၂ ကိုင်ဆောင်ထားသူများ၏ အသက် ၁၀ နှစ်ပြည့်ပြီး မည်သည့်ကတ်ပြားမှ ထုတ်ပေးခြင်းမပြုရသေးသော သားသမီးများ၊

(၂) မူလထဲက မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ခြင်းမရှိသည့် နိုင်ငံခြားသား မှတ်ပုံတင်ကိုင်ဆောင်ရန် အကျုံးမဝင်သော နိုင်ငံခြားသားမဟုတ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရန်လည်း မပြည့်စုံသူများ၊

**အဖြူရောင်ကတ်ပြားဖြင့်**

ယာယီသက်သေခံလက်မှတ်၏ ပုံစံမှာ ပုံစံ-၃ ဖြင့် သတ်မှတ်ထားသော်လည်း ပျက်စီးလွယ်ခြင်း၊ ကိုင်ဆောင်ထိန်းသိမ်းရခက်ခဲခြင်းတို့ကြောင့် ယာယီသက်သေခံလက်မှတ်ကို အဖြူရောင်ကတ်ပြားဖြင့် ပြောင်းလဲထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ယာယီသက်သေခံလက်မှတ်ပုံစံတွင် ဖော်ပြထားသော အမှတ်နှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် သင်္ကေတများကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အသုံးပြုသည့်အတိုင်း အသုံးပြုပါသည်။ ဥပမာ-ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၏ ပထမဆုံးကတ်ပြားအတွက် ၁/မကန (ယ)၀၀၀၀၀၁ ဖြစ်ပါသည်။ ကနဦးဆောင်ရွက်ချိန်တွင် ကိုယ်ရေးမှတ်တမ်းပုံစံ နှစ်စောင်ကို ပြည့်စုံစွာဖြည့်စွက်ရပြီး ယာယီသက်သေခံလက်မှတ်အတွက် အခွန်အခ ၆ ကျပ် ကောက်ခံပါသည်။

**ရည်ရွယ်ချက်**

ရည်ရွယ်ချက်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများသည် သက်ဆိုင်ရာ အထောက်အထားလက်မှတ်တစ်ခုခု ကိုင်ဆောင်ထားရပါမည်။ ယာယီသက်သေခံလက်မှတ်ထုတ်ပေးခြင်းမှာ မိမိနိုင်ငံအတွင်း နေထိုင်ကြောင်း သက်သေခံအထောက်အထားတစ်ရပ်အဖြစ် ထုတ်ပေးခြင်းဖြစ်ပါသည်။ မိမိနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံခြားသားမဟုတ်သူအားလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (သို့မဟုတ်) ယာယီသက်သေခံလက်မှတ်တစ်ခုခုကို ကိုင်ဆောင်ထားသူများဖြစ်ရပါမည်။ သို့မှသာလျှင် ပြည်တွင်းနေထိုင်သူများနှင့် ပြည်ပမှဝင်ရောက်လာသူများကို ခွဲခြားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားမည်မျှရှိသည်၊ သံသယမည်မျှရှိသည်စသည်များကို လွယ်ကူစွာသိနိုင်မည်ဖြစ်ပေသည်။

**ပျောက်ဆုံး/ပျက်စီးခြင်း**

ယာယီသက်သေခံလက်မှတ် ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးရန် ပေါ်ပေါက်လာပါက ဦးစီးဌာန(ရုံးချုပ်)၏ ၂၄-၆-၁၉၉၈ ရက်စွဲပါ စာအမှတ်၊ ၂၅၃၉/အမတ ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ကြောင်း သိရှိရပါသည်-

(၁) ကာယကံရှင်မှ ပတ်စ်ပို့အရွယ်(အဖြူ/အမည်း) ဓာတ်ပုံ သုံးပုံနှင့် ထွေ-၄ လျှောက်လွှာပုံစံပြည့်စုံစွာဖြည့်စွက်ပြီး အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူကို ပူးတွဲတင်ပြစေခြင်း၊

(၂) အခွန်အခငွေ ၁၀ ကျပ်ပေးသွင်းစေ၍ ကောက်ခံသည့် ပြေစာနှင့်အတူ မိမိနှင့် သက်ဆိုင်သည့် ခရိုင်ဦးစီးမှူးထံတင်ပြ၍ အမိန့်တောင်းခံခြင်း၊

(၃) ခရိုင်ဦးစီးမှူးက စိစစ်၍ မှန်ကန်မှုရှိပါက ယာယီသက်သေခံလက်မှတ်မိတ္တူထုတ်ပေးရန် မြို့နယ်ဦးစီးမှူးသို့ အကြောင်းကြားခြင်း၊

(၄) ခရိုင်ဦးစီးမှူး၏ ခွင့်ပြုချက်ရရှိပါက ကာယကံရှင်အား အမြန်ဆုံး ယာယီသက်သေခံလက်မှတ်မိတ္တူ ထုတ်ပေးခြင်း၊

(၅) မှတ်ပုံတင်စာအုပ်၊ ထွေ-၅ ကို သီးခြားပြုစုထားရှိခြင်း။

> **ယာယီသက်သေခံ လက်မှတ်ထုတ်ပေးခြင်းမှာ မိမိနိုင်ငံအတွင်း နေထိုင်ကြောင်း သက်သေခံအထောက် အထားတစ်ရပ်အဖြစ် ထုတ်ပေး ခြင်းဖြစ်။**

**အပြည်ပြည်ဆိုင်ရာ(စံ)များ**

တည်ဆဲနိုင်ငံသားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် အပြည်ပြည်ဆိုင်ရာ(စံ)များနှင့် ညီညွတ်ခြင်း၊ ဆီလျော်မှုတခြင်းရှိ/မရှိ၊ လူ့အခွင့်အရေးများ၊ ပြဋ္ဌာန်းချက်များနှင့် ကင်းကွာမှုရှိ/ မရှိ၊ အားသာချက်၊ အားနည်းချက်များရှိ/မရှိ၊ လက်တွေ့ဘဝနှင့် ကင်းကွာခြင်းရှိ/ မရှိ၊ နိုင်ငံနှင့် လူမျိုးအတွက် ဦးတည်ချက်ထား/မထား စသည့်အချက်များကို ပညာရှင်အသီးသီး၏ အကြံပြုချက်၊ တာဝန်ရှိပြည်သူအပေါင်း၏ ပူးပေါင်းမှုကို ကြိုဆိုလိုက်ပါသည်။ ယာယီသက်သေခံလက်မှတ်နှင့် ဆက်စပ်ပတ်သက်သော အချက်အလက်များ(အချို့)ကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ဆောင်ရွက်သင့်ပါပြီ။

**ဌာနဆိုင်ရာဝန်ထမ်းများ၏ စေတနာ**

အထက်ပါလုပ်ငန်းစဉ်တစ်ရပ်လုံးနှင့် ဆက်စပ်ပတ်သက်ကြကုန်သော ဌာနဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းအပေါ် စေတနာထားရှိမှုသည်ကား အဓိကကျလှပေသည်။ လုပ်ငန်း၏ဦးတည်ချက်၊ ဥပဒေပြဋ္ဌာန်းချက်၏ အနှစ်သာရ၊ နိုင်ငံနှင့်လူမျိုး၏အကျိုး၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၏ မျှော်မှန်းချက်များကို မမေ့မလျော့၊ မပေါ့မဆ၊ အဂတိတရားမထားရှိဘဲ စေတနာမှန်မှန်ဖြင့် ပွင့်လင်းမြင်သာစွာ တာဝန်ထမ်းဆောင်သင့်လှပေသည်။

**ပညာပေးခြင်း**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံဆောင်ရွက်လျက်ရှိသော ယနေ့တိုင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များမှာ အတော်အတန်များပြားလှပေသည်။ လိုအပ်ချက်အရ ပြဋ္ဌာန်းခြင်းဖြစ်၍ လက်ခံရမည်ဖြစ်သော်လည်း ခေတ်စနစ်နှင့်မညီသော ဥပဒေများအား ပြုပြင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ဖြည့်စွက်ခြင်း၊ ပေါင်းစည်းခြင်း၊ စုစုစည်းစည်း အနှစ်သာရများကောက်နုတ်ခြင်း ပြုသင့်ပေသည်။ အများပြည်သူနားလည်စေရန် ပညာပေးခြင်း၊ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ စည်းရုံးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အငြိမ်းစားပညာရှင်များ၏ ဟောပြောချက်များ၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ပညာပေးခြင်းစီမံချက်ဆောင်ရွက်သင့်ပါကြောင်း ဆောင်းပါးရှင်က အကြံပြုတင်ပြအပ်ပါသည်။ သတင်းစာများမှ ပညာပေးဆောင်းပါးများရေးသားတင်ပြခြင်း၊ ပညာပေးစာစောင် (ဥပမာ-ရွှေတံခါးမှူး မဂ္ဂဇင်းထုတ်ဝေခြင်း)ကို လူထုလက်ထဲရောက်အောင်ဖြန့်ဖြူးခြင်း၊ ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောဆွေးနွေးခြင်း၊ ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ ထုတ်လွှင့်ခြင်းများပါမကျန် စီမံဆောင်ရွက်သင့်ပါသည်။ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသော်လည်း ယခုထက်အရှိန်မြှင့်၍ ပညာပေးခြင်းအစီအစဉ် တိုးမြှင့်သင့်ပါသည်။

**နိုင်ငံသားဖြစ်မှု၊ ပြုမှုကိစ္စများ**

ယနေ့အချိန်အခါတွင် နိုင်ငံသားဖြစ်မှု၊ ပြုမှုများမှာ အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည့်အချိန် ဖြစ်ပေသည်။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရသောကိစ္စဖြစ်ခြင်း၊ နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသော မူဝါဒနှင့် စပ်ဆိုင်ခြင်း၊ ရွေးကောက်ပွဲများနှင့်လည်း ဆက်စပ်နေခြင်း၊ ထိလွယ်ရှလွယ် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ ပြည်သူများပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်ထိရောက်မည်ဖြစ်ခြင်း၊ ယခင်တွေ့ကြုံရင်ဆိုင်ခဲ့ရသော အခက်အခဲများအား သင်ခန်းစာအဖြစ်ရယူသင့်ခြင်း စသည့်အချက်များအား တာဝန်ရှိသူများက ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ကြပြီး ပြည်သူ့အကျိုးသယ်ပိုးကြမည်ဟု ဆောင်းပါးရှင်က ယုံကြည်ပါသည်။

**အကြံပြုရေးကော်မရှင်**

ယာယီသက်သေခံလက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှာ ၃၁-၃-၂၀၁၅ ဖြစ်ပါသည်။ သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် လက်မှတ်များအပ်နှံခြင်းကို တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် စနစ်တကျပြန်လည်အပ်နှံခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဧပြီလ ၃ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၅ဖြင့် "ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့်ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်၏ လုပ်ငန်း၊ ကော်မရှင်၏ ထောက်ခံအကြံပြုချက်များမှာ များစွာအရေးကြီးလှပါသည်။ အရေးကြီးသမိုင်းပေးတာဝန်ကို ထမ်းဆောင်ကြရမည့် ကော်မရှင်အဖွဲ့ဝင်များသည် လေးနက်တည်ကြည်စွာဖြင့် ဖြစ်ရပ်မှန်များကို စိစစ်သုံးသပ်အကြံပြုသွားနိုင်ကြမည်ဟု မျှော်လင့်ယုံကြည်ပါသည်။

**နည်းဥပဒေများ ၁၃၊ အပိုဒ်ခွဲ(၄)**

၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ ၁၃၊ အပိုဒ်ခွဲ(၄)တွင် "ယာယီသက်သေခံလက်မှတ်ပိုင်ရှင်သည် မိမိလက်မှတ်ကို လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြားကုန်ဆုံးပြီးနောက် ခုနစ်ရက်အတွင်း စာရင်းထိန်းထံပြန်အပ်ရမည်။ စာရင်းထိန်းသည် လိုအပ်လျှင် နောက်ထပ်မည်ရွေ့မည်မျှ ကာလအပိုင်းအခြားအတွက် လက်မှတ်အတည်ဖြစ်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုး၍ ထိုလက်မှတ်ကို သော်လည်းကောင်း ပြန်လည်ထုတ်ပေးနိုင်သည်။ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် အသစ်တစ်ခုကိုသော်လည်းကောင်း ထုတ်ပေးနိုင်သည်"ဟု ဖော်ပြထားပေသည်။ ထိုဖော်ပြချက်အရဆိုလျှင် ပြန်အပ်ပြီးနောက် ဆောင်ရွက်ဖွယ်ရာများကို ရှင်းရှင်းလင်းလင်း သိသာမြင်သာနိုင်ပေသည်။

**အကြံပြုရေးကော်မရှင်၏ အခန်းကဏ္ဍ**

အဖွဲ့ဝင် ကိုးဦးပါဝင်သော" ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"၏ အခန်းကဏ္ဍသည် နိုင်ငံတော်၏ သမိုင်းပေးတာဝန်ကို အရေးပါပါ ထမ်းဆောင်ရမည့် ကဏ္ဍဖြစ်ပါသည်။ ဘက်စုံထောင့်စုံအမြင်စုံဖြင့် သုံးသပ်၊ ဆုံးဖြတ်၊ အကြံပြုတင်ပြရမည့် ကော်မရှင်လည်းဖြစ်ပေသည်။ ပွင့်လင်းမြင်သာမှုရှိစေရေး၊ ညီညွတ်မျှတမှုရှိစေရေးအတွက်လည်း အလေးပေးဆောင်ရွက်ရမည်ဖြစ်ပေသည်။

**တင်ပြချက်**

ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ ရဟန်းရှင်လူပြည်သူအပေါင်းက ဝိုင်းဝန်းအကြံပြု အထောက်အကူပြုသင့်ပါကြောင်း။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် ကမ်းရိုးတန်းသွားရေယာဉ်များအား စံချိန်မီရေယာဉ်အသစ်များဖြင့် အစားထိုးနိုင်ရေး ဆွေးနွေးညှိနှိုင်း

**နေပြည်တော် မေ ၁၃**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒီမောဆို မဲဆန္ဒနယ်မှ ဦးစိုးရယ်၏ **မြန်မာနိုင်ငံရှိ လက်ရှိတည်ဆဲဥပဒေများမှ ပြင်ဆင်ရန်ဥပဒေပေါင်းမည်မျှရှိ၍ အသစ်ပြဋ္ဌာန်းပေးသင့်သော ဥပဒေများရှိသည်ဆိုပါက ဥပဒေကြမ်းများ၏ အမည်များအား သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုလွှတ်တော်ကလည်း တည်ဆဲဥပဒေများအနက် ပြင်ဆင်သင့်သည့် ဥပဒေများအား ပြင်ဆင်သင့်သည့် ဥပဒေကြမ်းများကို အခါအားလျော်စွာ အတည်ပြုပြဋ္ဌာန်းပေးလျက်ရှိရာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ် မတ်လမှ ယနေ့အထိ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် ပြင်ဆင်သင့်သည့် ဥပဒေစုစုပေါင်း ၆၆ ခု ရှိပြီး မူရင်းဥပဒေကို ရုပ်သိမ်းပြီး အစားထိုးပြဋ္ဌာန်းသည့် ဥပဒေစုစုပေါင်း ၃၃ ခု ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြောင်းလဲလျက်ရှိသည့် အခြေအနေ အချိန်အခါအရ နယ်ပယ်အသီးသီးတွင် အသစ်ပြဋ္ဌာန်းရန် လိုအပ်သည့် ဥပဒေများ အခါအားလျော်စွာရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် နစ်နာမှုတင်ပြစာ(၁)စောင်ခြင်းအပေါ် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်နောက်ပိုင်းမှ ယနေ့အထိဖြေရှင်းဆောင်ရွက်မှု အခြေအနေကို ယခင်ပေးပို့သည့်အတိုင်းဆက်လက်ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သည် သိမ်းဆည်းခံမြေကိစ္စများအား ဖြေရှင်းပေးရန် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ စိစစ်ဖြေရှင်းဆောင်ရွက်ပေးရန် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် အဆိုပါမြေကိစ္စများကို စိစစ်ဖြေရှင်းရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် အစီရင်ခံစာအပိုင်းများအဖြစ် သတ်မှတ်၍ စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာအပိုင်း ၁၊ ၂၊ ၃ ပါ မြေကိစ္စ (၇၄၅) မှုအပေါ် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်ထိ စိစစ်ပြီးစီးမှု အခြေအနေများအား နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် သဝဏ်လွှာ ပေးပို့ခဲ့ပါကြောင်း။


ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး။


ဒီမောဆို မဲဆန္ဒနယ်မှ ဦးစိုးရယ်။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် အစီရင်ခံစာအပိုင်း ၁ မှ ၅ အထိ မြေကိစ္စရပ်များစိစစ်ဖြေရှင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစီရင်ခံစာအပိုင်းများပါ စွန့်လွှတ်မြေများ၊ အစီရင်ခံစာအပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း ဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများက သီးခြားပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှုအခြေအနေများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် သတင်းထုတ်ပြန်ကြေညာပေးခဲ့ပါကြောင်း။

အလားတူအစီရင်ခံစာ အပိုင်း-၁ မှ ၇ ထိ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ဖြေရှင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

မြေကိစ္စတိုင်ကြားစာများကို အထူးအလေးထားဖြေရှင်းပေးရမည့် ကိစ္စတစ်ရပ်အဖြစ် ခံယူဖြေရှင်းပေးလျက်ရှိပြီး စိစစ်ရန်ကျန်သည်များကို အမှုတွဲတစ်ခုချင်းစီအလိုက် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို သတ်မှတ်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိနေသည့် သက်တမ်းကြာမြင့်နေသော ကမ်းရိုးတန်းသွား ရေယာဉ်များအား စံချိန်ပြည့်မီသည့် ရေယာဉ်အသစ်များဖြင့် အစားထိုးပေးရန်နှင့် ခရီးသည်များအား ရေယာဉ်များနှင့် ပတ်သက်၍ သိသင့်သည်များကို ကြိုတင်အသိပေးခြင်းများ ပြုလုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြည်နယ်/တိုင်းဒေသကြီးအတွင်း ခုတ်မောင်းပြေးဆွဲနေသည့် ဌာနပိုင်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင်ရေယာဉ်များကြံ့ခိုင်ရေး၊ အရေးပေါ်အသက်ကယ်ပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ ရေယာဉ်တင်ဆောင်နိုင်သည့်လူ၊ ကုန်ပစ္စည်းများ ပမာဏထက် ပိုမိုတင်ဆောင်ထားခြင်း မရှိစေရေးတို့ကို ထိထိရောက်ရောက် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သည့် ကမ်းရိုးတန်းသွားရေယာဉ်များအား စံချိန်မီရေယာဉ်အသစ်များဖြင့် အစားထိုးနိုင်ရေး၊ ဂျပန်အစိုးရအနေဖြင့် ရခိုင်ဒေသနှင့် သင့်လျော်မည့် ရေယာဉ်များအား ကူညီဖြည့်ဆည်းပေးစေလိုကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

အရေးပေါ်အခြေအနေတွင် ခရီးသည်များ ဘေးကင်းစွာ ရေယာဉ်ပြင်ပသို့ ကယ်ထုတ်နိုင်ရန် (Emergency Exit) များကို စစ်ဆေး၍ လိုအပ်ပါက ပြုပြင်တည်ဆောက်စေခြင်း၊ အသက်ကယ်အင်္ကျီနှင့် မီးသတ်ပိုက်ကိရိယာများစစ်ဆေး၍ ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ခြင်း၊ ဆက်သွယ်ရေးစနစ်နှင့် ကမ်းခြေအခြေပြုအထောက်အကူပြုအဖွဲ့များဖွဲ့စည်းခြင်း၊ ရေယာဉ်ဝန်ထမ်းတစ်ဦးချင်းအလိုက် အရေးပေါ်အခြေအနေအမျိုးမျိုး၌ လုပ်ဆောင်ရမည့် တာဝန်များအား သတ်မှတ်ပေးပြီး ခရီးသည်များကို စုဝေးရပ်နေရာ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံ၊ အပြင်သို့ထွက်ရမည့် အရေးပေါ်ထွက်ပေါက်များကို ရေယာဉ်မထွက်ခွာမီ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်၊ မောင်းနှင်သူများ၊ သက်ဆိုင်ရာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ခရီးသွားပြည်သူများ ပေါင်းစပ်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးခဲ့ရသူများအား ကျန်းမာရေး လိုအပ်ချက်စီမံဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် အစီရင်ခံစာကို တင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝင်းအတွင်း ကြိုတင်ဝင်ရောက်ခွင့်ပြုပေးပါရန် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြား

**နေပြည်တော် မေ ၁၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏ **"မတူပီမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ရှင်းလင်းဖြေကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျောင်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်း၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအစဉ်များ၊ စီးပွားရေးစီမံကိန်း အစီအစဉ်များနှင့်အညီ လိုအပ်ချက်အရ ဖွင့်လှစ်ပေးသည့် အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ် မတူပီမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဥပဒေများ၌ ပါဝင်ခြင်းမရှိသေးပါသဖြင့် လက်ရှိအခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးသန့်ရှင်း။


ဦးဖုန်းမြင့်အောင်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၏ **"စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝင်းအတွင်း ကြိုတင်ဝင်ရောက်ခွင့်ပြုပေးပါရန်"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားရာတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းလုံခြုံရေး၊ စာဖြေခန်းလုံခြုံရေး၊ မေးခွန်းလုံခြုံရေး၊ မသမာမှုကင်းရှင်းစေရေးတို့ကို ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ချိန်အတိုင်း တစ်ပြေးညီဆောင်ရွက်ကြရပါသဖြင့် စာမေးပွဲမဖြေဆိုမီ နာရီဝက်အလိုတွင် စာမေးပွဲခန်းစောင့်တာဝန်ယူရသော ဆရာ ဆရာမများသည် သက်ဆိုင်ရာစာဖြေခန်းသို့ နေရာစတင်ယူသည့် အချိန်မှသာ စာမေးပွဲဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများအား ဝင်ရောက်နေရာယူစေရသောကြောင့် အနည်းဆုံး စာဖြေခန်းသို့ ၁ နာရီခန့်ထက်စော၍ ဝင်ရောက်ခွင့်မပြုနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်၏ **"ပညာရေးဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့် ကျောင်းနှင့် ဥပမိရုပ်မကောင်းသည့် ကျောင်းများအား အမှန်တကယ် ပြုပြင်ရန် လိုအပ်မှု ရှိ၊ မရှိကို သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ပြီး ဦးစားပေးသတ်မှတ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပြုပြင်ရန် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ရန်မပါရှိသော အန္တရာယ်ရှိသည့် ကျောင်းနှင့် ဥပမိရုပ်မကောင်းသည့် ကျောင်းများအား ဆက်လက်၍ ပြုပြင်ရန် အစီအစဉ်ရှိ ၊ မရှိနှင့် မည်သို့စီမံလျာထားသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်း လျာထားခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(၂)ရပ်တွင် ပါဝင်ခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများ ၊ ဥပမိရုပ်မကောင်းသည့် ကျောင်းများနှင့် ထပ်မံတိုးလာသည့် ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ် ဦးစားပေးအစီအစဉ် ကျောင်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

## ရွှေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**မူဆယ် မေ ၁၃**

မူဆယ်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်ရေး(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသားရဲအရာရှိ ၁၅ ဦး၊ အခြားအဆင့် ၃၅ဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ရုံးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဇင်မောင်တို့ တက်ရောက်ခဲ့ကြသည်။

ရဲမှူးစိုးသန်းက ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်အတွင်း လျာထားမဲရုံ ၈၈ ရုံအတွက် လက်ရှိရဲတပ်ဖွဲ့အင်အားနှင့်မလုံလောက်သဖြင့် အထူးရဲတပ်ဖွဲ့ ဖွဲ့စည်းဖြည့်တင်းသွားမည်ဟု ပြောကြားသည်။

သင်တန်းကာလမှာ မေ ၁၂ ရက်မှ ၁၆ ရက်အထိလုပ်ငန်းခွင်မပျက် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

# မိမိတို့တွင်ရှိပြီးဖြစ်သည့် ပြည့်စုံကြွယ်ဝလှသော ရိုးရာယဉ်ကျေးမှုများ ကမ္ဘာအနှံ့ထိ ဖြန့်ကြက်နိုင်ရန် ကြိုးစား

**နေပြည်တော် မေ ၁၃**

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မေ ၇ ရက်မှစတင်၍ နေပြည်တော်၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ပြိုင်ပွဲများအားလုံးအတွက် ရွှေတံဆိပ် (၁၄၀)၊ ငွေတံဆိပ်(၁၀၆)ခု၊ ကြေးတံဆိပ်(၇၈) ခုနှင့် နှစ်သိမ့်ဆု (၇)ဆုတို့ကို ရွေးချယ်ချီးမြှင့်ပေးခဲ့သည်။

ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးညဏ်ထွန်း တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးမြင့်ကြည် (ရန်ကုန်တိုင်းဒေသကြီး)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း အခြေခံအဆင့် အသက် (၁၀) နှစ်မှ (၁၅)နှစ် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကျော်ဆုဟိန်း (ရှမ်းပြည်နယ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် တစ်နိုင်ငံ၏ယဉ်ကျေးမှုကို တစ်နိုင်ငံက အပြန်အလှန်လေ့လာပြီး ယဉ်ကျေးမှုဖလှယ်ကြသည်မှာ နိုင်ငံတကာ သံခင်း တမန်ခင်း၏ အင်္ဂါရပ်တစ်ခုအဖြစ် အရေးပါနေပြီဖြစ်ပါကြောင်း၊ တစ်ဖက်က မိမိ၏ရိုးရာကို ထိန်းသိမ်းရသကဲ့သို့ အခြားတစ်ဖက်ကလည်း မတူခြားနားသည့် ယဉ်ကျေးမှု ပြယုဂ်များကို သိမ်မွေ့ညင်သာစွာ ဆက်စပ်နားလည်နိုင်ရန် လိုအပ်ပါကြောင်း။

ယနေ့မျက်မှောက်ကမ္ဘာ၏ ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု အရှိန်သည် မြန်ဆန်ပြီး နယ်စည်းပိုင်းဖြတ်ကန့်သတ်ရန်လည်း ခဲယဉ်းပါကြောင်း၊ ကျောထောက်နောက်ခံတောင့်တင်းမှုနှင့် နည်းပညာအခွင့်အလမ်းသာမှုကို အခွင့်ကောင်းအဖြစ် ကောင်းစွာအသုံးချနိုင်သူများက ယဉ်ကျေးမှုအနုသုခုမပညာရပ်များနှင့် စိတ်တိုင်းကျ ပေါင်းစပ်မွမ်းမံပြီး မိမိတို့၏ယဉ်ကျေးမှုထုံးတမ်းဓလေ့များကိုသာမက အတွေးအခေါ်ခံယူ ယုံကြည်ချက်များကိုပါ ကမ္ဘာအနှံ့ လွှမ်းခြုံဖြန့်ကြက်ပုံသွင်းနိုင်ရန် ကြိုးပမ်းနေကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့တွင် ရှိပြီးဖြစ်သည့် ပြည့်စုံကြွယ်ဝလှသော ရိုးရာယဉ်ကျေးမှုများကို ဒေသတွင်းပတ်ဝန်းကျင်မှသည် ကမ္ဘာအနှံ့ထိ ဖြန့်ကြက်နိုင်ရန် အနုပညာနှင့် နည်းပညာပေါင်းစပ်၍ ယနေ့မျိုးဆက်သစ် လူငယ်များက ကြံဆကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း၊ တစ်နည်းအားဖြင့် သူတစ်ပါးကို လက်ခံအားကျသလို၊ မိမိကိုလည်း သူတစ်ပါးက လေးစားလက်ခံအားကျချင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ အခြေခံအဆင့် အသက် (၁၅) နှစ်မှ (၂၀) နှစ် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အနုသုခုမ ပညာရပ်ဆိုသည်မှာ လွန်စွာမှ အစွမ်းထက်လှပါကြောင်း၊ လူအများ ကြည်နူးနှစ်သက်ပျော်ရွှင်ချမ်းမြေ့အောင်၊ သိမ်မွေ့နူးညံ့အောင် ဖန်တီးပုံဖော်နိုင်သလို ကြမ်းတမ်းခက်ရော်အောင်၊ အထိန်းအကွပ်မဲ့အောင်လည်း စွမ်းဆောင်နိုင်ပါကြောင်း၊ ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ရောက်ရှိနေကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်၊ အနုပညာရှင်များသည် အစွမ်းထက်လှသော အနုသုခုမပညာကို စနစ်တကျ ကျွမ်းကျင်နိုင်နင်းကြသူများဖြစ်ရာ မိမိတို့၏ အနုပညာဖန်တီးနိုင်စွမ်းကို အသုံးချပြီး မိမိနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကောင်းကျိုးအထွေထွေကို သယ်ပိုးပေးနိုင်သော နိုင်ငံ့သားကောင်းများဖြစ်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက မဟာဂီတအဆိုပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသားပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသားပြိုင်ပွဲ၊ အဆင့်မြင့်တန်း အမျိုးသားပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ် အမျိုးသားပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသား ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မဟာဂီတအဆိုပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသမီးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အမျိုးသမီးပြိုင်ပွဲ၊ အဆင့်မြင့်တန်း အမျိုးသမီးပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ် အမျိုးသမီး ပြိုင်ပွဲ၊ အခြေခံအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသမီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ခေတ်ဟောင်း/ကာလပေါ် အဆိုဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံ အသက် (၁၅-၂၀)နှစ်နှင့် အခြေခံအသက် (၁၀-၁၅)နှစ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အမျိုးဂုဏ် ဇာတိဂုဏ် အဆိုဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ဒုတိယတန်းနှင့် အဆင့်မြင့်တန်း ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အကဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံ အသက် (၁၅-၂၀)နှစ်နှင့် အခြေခံအသက် (၁၀-၁၅)နှစ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အကရုပ်သေးဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ဒုတိယတန်း၊ ကွက်စိပ်၊ ကွက်စိပ်ပုံပိုးဆိုင်း၊ ကွက်စိပ် ဇာတ်ညွှန်း ဝါသနာရှင်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အက ကဗျာလွတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အရေးဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀)နှစ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အတီး (စောင်း)၊ (စန္ဒရား)၊ (ပတ္တလား)၊ (နှဲ)၊ (တယော)၊ (မယ်ဒလင်)၊ (ဂီတာ)၊ (ဒိုးမင်း)၊ (အိုးစည်)၊ (အိုးပတ်)၊ (ဆိုင်းတစ်ဦးချင်း)၊ (ဆိုင်းအဖွဲ့အလိုက်) ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း၊ အခြေခံအသက် (၁၅-၂၀)နှစ်နှင့် အခြေခံအသက် (၁၀-၁၅)နှစ် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ပြီး ၂၁ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ၃ ဆု၊ ကယားပြည်နယ်မှ ၆ ဆု၊ ကရင်ပြည်နယ်မှ ၁၀ဆု၊ ချင်းပြည်နယ်မှ ၂ ဆု၊ မွန်ပြည်နယ်မှ ၉ ဆု၊ ရခိုင်ပြည်နယ်မှ ၉ ဆု၊ ရှမ်းပြည်နယ်မှ ဆု ၂၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၃ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၆ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၅ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၄၂ ဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁၃ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆု ၄၀ ရရှိသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် မေ ၁၃**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတဦးညွန့်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အကဲဖြတ်အဖွဲ့ဝင်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား ကချင်ပြည်နယ် အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင် ဒေါ်ကေဒွဲဘူနှင့် အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူး ဦးသူရိန်လွင်တို့က လက်ခံရယူကြသည်။

ယင်းနောက် အကဲဖြတ်အဖွဲ့ဝင် ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုကာ ဂုဏ်ပြုညစာသုံးဆောင်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညွန့်ထွန်း ကချင်ပြည်နယ် အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင် ဒေါ်ကေဒွဲဘူအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ရထားမတော်တဆမှုဖြစ်ခြင်းများကြောင့် ဒဏ်ရာရ၊ သေဆုံးသူများပြားနေသဖြင့် ရထားအန္တရာယ်သတိပြုကြရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် မေ ၁၃**

မြန်မာ့မီးရထားလမ်းပိုင်းအသီးသီးတွင် ရထားမတော်တဆမှုဖြစ်ခြင်း၊ ရထားဖြင့် တိုက်မိခြင်းနှင့် စည်းကမ်းမလိုက်နာ၍ ရထားပေါ်မှ လိမ့်ကျခြင်းများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း အဆိုပါဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒဏ်ရာရသူ ခြောက်ဦး၊ သေဆုံးသူ ရှစ်ဦး စုစုပေါင်း ၁၄ မှု အထိရှိလာသဖြင့် မြန်မာ့မီးရထားတွင် မတော်တဆမှု ဖြစ်စဉ်များပြားနေသည်ကို စိစစ်တွေ့ရှိလာရသည်။

သို့ဖြစ်ပါ၍ ရထားဖြင့် ခရီးသွားလာရာတွင် ရထားတွဲအတက်အဆင်း လှေကားများတွင် တွဲလောင်းခိုစီးခြင်း၊ ထိုင်စီးနင်းခြင်း၊ ရပ်စီးခြင်းများ မပြုလုပ်ရန်၊ တွဲတစ်တွဲနှင့်တစ်တွဲ ကူးသန်းသွားလာရာတွင် ဂရုစိုက်ကူးသန်းသွားလာကြရန်၊ ခရီးသွားပြည်သူများနှင့် ဈေးရောင်းဈေးဝယ်ပြုလုပ်သူများသည် ရထားများ မရပ်တန့်မီနှင့် ပြန်လည်ထွက်ခွာချိန်များတွင် ရထားတွဲပေါ်သို့ ပြေးတက်၊ပြေးဆင်းခြင်းများကို ရှောင်ကြဉ်သွားလာကြရန်လိုအပ်သည်။

ထို့အပြင် ရထားလမ်းကူးများတွင် ဂိတ်ပိတ်ထားလျှင် အလျင်စလို ဖြတ်မကူးရန်နှင့် ကား၊ ဆိုင်ကယ်၊ လှည်းများဖြတ်ကူးရာတွင် သေချာစွာ ဂရုစိုက်ပြီးမှသာ ဖြတ်ကူးကြရန်၊ ရထားလမ်းဘေး သွားလာရာတွင် မလွတ်မကင်း မထီမဲ့မြင်ပြုလုပ်ခြင်း၊ ရထားသံလမ်းများတွင် အရက်သေစာသောက်စားမူးယစ်ပြီး အိပ်နေခြင်းများကို မပြုလုပ်ကြရန် မြန်မာ့မီးရထားမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

၀၀၀

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၁၃**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMITကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၁ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း-၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ဟောပြော

**လားရှိုး မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မေ ၄ ရက်မှ ၁၀ ရက်အထိ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (UN GLOBAL ROAD SAFETY) အစီအစဉ်အဖြစ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ ပညာရေးကောလိပ်၌ ကျင်းပသည်။

အဆိုပါ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးစာစောင်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် မေ ၈ ရက် နံနက် ၉ နာရီမှစ၍ လားရှိုးမြို့ပေါ်၌ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်နှင့်ရုံးအဖွဲ့များ၊ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးရုံး၊ ဒုတိယရဲမှူးမိုးခိုင်ဦးစီး၍ တပ်ဖွဲ့ဝင်များ၊ ယာဉ်လိုင်းကြီးကြပ်ရေးရုံးအဖွဲ့(လားရှိုး)ယလက အဖွဲ့ဝင်များက လားရှိုးမြို့အတွင်း သုံးနေရာခွဲ၍ အသိပညာပေး လက်ကမ်းစာစောင်များအား ဆိုင်ကယ်၊ ကိုယ်ပိုင်ယာဉ်ငယ်များ၊ အငှားမောင်းယာဉ်ငယ်များထံ ဝေငှဖြန့်ဝေခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးပညာရေးကောလိပ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးမြို့ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးစိုးသန့်က အဖွင့်အမှာစကားပြောကြားကာ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့(လားရှိုး)မှ ဒုတိယရဲမှူးမိုးခိုင်က ယာဉ်အန္တရာယ်၊ လမ်းစည်းကမ်းဆိုင်ရာများ ပြောကြားကာ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန စစ်ဆေးရေးမှူး (၂) ဦးမင်းဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အခြေအနေ အချက်အလက်များကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် ယာဉ်မောင်းသူများ သိရှိလိုက်နာသင့်သည့် အခြေခံအချက်များ၊ အရည်အချင်းပြည့်ဝသော ယာဉ်မောင်းကောင်းများ၌ ရှိသင့်ရှိထိုက်သည့် အချက်(၅)ချက်၊ ယာဉ်မောင်းသူများ၏ အားနည်းချက်ကြောင့် ယာဉ်တိုက်မှု ဖြစ်ပွားရသည့် အကြောင်းအရင်း(၅)မျိုး၊ ယာဉ်မောင်းလိုင်စင်အမျိုးအစားနှင့် မောင်းနှင်ခွင့်ရှိသည့် ယာဉ်များ၊ ယာဉ်မောင်းနှင်စဉ် ယာဉ်စစ်ဆေးရန် အချက်(၉)ချက်၊ လမ်းအမှတ်အသားများ၊ လမ်းကူးလျှင်၊ လမ်းလျှောက်လျှင် ဘယ်လိုနေရာတွေသွားရမလဲ၊ လမ်းဖြတ်မကူးသင့်သည့်နေရာများ၊ မော်တော်ဆိုင်ကယ်၊ ကားစီးလျှင် သတိပြုရမည့် အချက်များ၊ အန္တရာယ်ကင်းရှင်းစေဖို့ လမ်းညွှန် အမှတ်အသားများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

**ဇာဏီအောင်(လားရှိုး)**

**ကျောဖုံးမှ**

Miss Golden Land Myanmar ၂၀၁၅ပြိုင်ပွဲကိုမြန်မာနိုင်ငံတစ်ဝန်းမှ အလှမယ် ၆၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ MGL Organization မှ ၁၅၀ ကျော်ကို လူတွေ့စစ်ဆေးခဲ့ပြီး ဧပြီ ၈ ရက်တွင် ဆန်ခါတင် အလှမယ် ၃၁ ဦးကိုရွေးချယ်ပေးခဲ့သည်။ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင် ၃၁ ဦးသည် လုပ်အားဒါနကုသိုလ် ပါဝင်ဆောင်ရွက်ခြင်း၊ မိဘမဲ့ကလေးများ၊ဘိုးဘွားရိပ်သာများ၊ အခမဲ့ဆေးခန်းများတွင် ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ခရီးသွားမြှင့်တင်ရေးအစီအစဉ်တို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ရွေးချယ်ခံရသည့်အလှမယ် ၃၁ ဦး အနက်မှ နိုင်ငံတကာပြိုင်ပွဲများသို့သွားရောက်ယှဉ်ပြိုင်ခွင့်ရမည့် အလှမယ်ငါးဦးကို ဇွန် ၂၁ ရက်တွင် နောက်ဆုံးရွေးချယ်ပေးသွားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့်အလှမယ်ငါးဦးသည် ၂၀၁၅ ခုနှစ် ကမ္ဘာ့အဆင့်မီအလှမယ်ပြိုင်ပွဲများဖြစ်သည့် Miss Earth, Miss Supranational, Miss Intercontinental, Miss Tourism World, Face of Beauty International ပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**သတင်း-ဆုနှင်းလှဲ့၊ ခင်ဇာလီ**
**ဓာတ်ပုံ-၀၀၁**

# ဧည့်စာရင်းဖြင့် နေထိုင်သူများအား အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း မဲပေးခွင့်ရှိ

**ရန်ကုန် မေ ၁၃**

အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်ရာ၌ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်းမှ အသက် (၁၈)နှစ်ပြည့်ပြီး ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်သူများကိုသာ အတည်ပြုရေးသွင်းခြင်းဖြစ်ပြီး ဧည့်စာရင်းဖြင့် တိုင်ကြားနေထိုင်သူများအား အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက "ဧည့်စာရင်းနဲ့နေထိုင်တာကြောင့် သူ့ရဲ့ မဲပေးခွင့်ဟာဆုံးရှုံးသွားမှာတော့မဟုတ်ပါဘူး။ သူက ဧရာဝတီတိုင်းဒေသကြီးက လာပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်လာလုပ်တယ်။ ဧည့်စာရင်းနဲ့နေတယ်။ ဒါဆိုရင် သူ့ရဲ့ မဲစာရင်းဟာ သူ့အိမ်ထောင်စုစာရင်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိနေမှာပဲ။ ဒီတော့ သူ့ရဲ့ အိမ်ထောင်စုစာရင်းရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ကျိန်းသေ မဲပေးခွင့်ရမှာပဲ။ သူ့ရဲ့ အခြေခံ မဲဆန္ဒရှင်စာရင်းကလည်း အဲဒီမှာရှိနေမှာပဲ။ ဒါကြောင့် ဧည့်စာရင်းတိုင်နေထိုင်ပြီး အခြေခံမဲဆန္ဒရှင်စာရင်းမှာ သူ့နာမည် မပါဘူးဆိုတာကို မေ့ထားလိုက်ပါ။ အခြေခံမဲဆန္ဒရှင်စာရင်းလုပ်တဲ့အခါမှာ ကျွန်တော်တို့ ရက်ပေါင်း၁၈၀ကျော်ဒီမှာ ဧည့်စာရင်းနဲ့နေထိုင်တာကို ထည့်မစဉ်းစားပါဘူး" ဟု ပြောကြားသည်။

၂၀၁၅ခုနှစ် ရွေးကောက်ပွဲကျင်းပမည့် နေ့၊ လ၊ ရက်စွဲအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပြီးသည်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အပြီးသတ် မဲဆန္ဒရှင်စာရင်းကို ထပ်မံပြုစုမည်ဖြစ်သည်။ မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲကျင်းပမည့် အချိန်တွင် ၎င်းမူလနေထိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပ၌ ဧည့်စာရင်းဖြင့်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ ကျောင်းတက်ခြင်းတို့အား အချိန်ကာလ ရက်ပေါင်း ၁၈၀ ကျော် နေထိုင်လျက်ရှိနေသည်။ ထို့ကြောင့် ၎င်းမူလနေထိုင်ရာ အိမ်ထောင်စုစာရင်းရှိသည့် မဲဆန္ဒနယ်တွင် သွားရောက်မဲပေးလိုခြင်းမရှိဘဲ မိမိလက်ရှိနေထိုင်ရာ နေရာဒေသတွင်ရှိသည့် ကိုယ်စားလှယ်လောင်းကိုသာ မဲပေးလိုသည်ဆိုပါက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ (၁၀)အရ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း သိရသည်။

ရွေးကောက်ပွဲနည်းဥပဒေ(၁၀) အရ ဆန္ဒမဲပေးလိုသူသည် အလုပ်လုပ်နေသည်မှာ ရက်ပေါင်း ၁၈၀ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်းကို ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ၎င်းလုပ်ကိုင်နေသည့် လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်၊ အလုပ်သမားဖြစ်ပါကသက်ဆိုင်ရာ လုပ်ငန်းရှင်၏ထောက်ခံချက်၊ အိမ်အကူဖြစ်ပါက အိမ်ရှင်၏ ထောက်ခံချက်နှင့် အခြားပုဂ္ဂိုလ်ဖြစ်ပါက မိမိကိုယ်မိမိ ရက်ပေါင်း ၁၈၀ ကျော် အဆိုပါ နေရာတွင် နေထိုင်ခဲ့ကြောင်း ကိုယ်တိုင်ခံဝန်ချက် လိုအပ်မည်ဖြစ်သည်။ ယင်းအပြင် ၎င်းတို့နေထိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ထပ်ဆင့်ထောက်ခံချက်ပါရရှိပါက မိမိလက်ရှိနေထိုင်ရာနေရာဒေသတွင်ရှိသည့် ကိုယ်စားလှယ်လောင်းအား ဆန္ဒမဲပေးခွင့်ရရှိမည်ဖြစ်သည်။

အထက်ပါ အချက်အလက်များ ပြည့်စုံပါက မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း (၃၀)အလိုတွင် ပုံစံ (၃-က)ဖြင့် မိမိရောက်ရှိနေသည့်နေရာ၌ပင် ဆန္ဒမဲပေးလိုကြောင်း လျှောက်ထားရမည် ဖြစ်သည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများက လျှောက်ထားသူ၏ မှတ်ပုံတင်၊ အသက်၊ လူမျိုး၊ ဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီးပါက မဲဆန္ဒရှင်စာရင်းတွင် နောက်ဆက်တွဲ မဲစာရင်းဖြင့် ထည့်သွင်းပေးမည်ဖြစ်သည်။ ယင်းနောက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးက မြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ အကြောင်းကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လျှောက်ထားသူ၏ မူလမဲဆန္ဒရှင်စာရင်းပါရှိရာ မြို့နယ်သို့ အကြောင်းကြားပြီး မဲဆန္ဒရှင်စာရင်းမှ အမည်စာရင်းကို ပယ်ဖျက်ပေးမည် ဖြစ်သည်။

မိမိခေတ္တနေထိုင်ရာနေရာတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ နေထိုင်ခြင်း မရှိပါက နည်းဥပဒေ ၁၀ အရ အဆိုပါနေရာတွင် မဲပေးရန်အကျုံးဝင်မည်မဟုတ်ဘဲ ဆန္ဒမဲပေးလိုပါက မိမိမူလနေထိုင်ရာ ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းရှိသည့် နေရာတွင်သာ မဲပေးနိုင်မည်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက ပြည်သူများဆန္ဒမဲပေးနိုင်မည့် ပုံစံများအား ပြောကြားသည်။

"ကျွန်တော်ဆိုလိုတာက ရက်ပေါင်း ၁၈၀ နေထိုင်ခဲ့တာမရှိခဲ့ရင် သူတို့လက်ရှိ နေထိုင်ရာအရပ်မှာ မဲပေးခွင့်မရပေမယ့် အိမ်ထောင်စုစာရင်းရှိတဲ့နေရာမှာ မဲပေးခွင့်ရှိပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့ ဆန္ဒမဲပေးပိုင်ခွင့်က ဆုံးရှုံးမှာမဟုတ်ပါဘူး။ သူတို့နေခဲ့ရာဇာတိမှာ သူတို့ရဲ့ အမည်စာရင်းရှိနေမှာဖြစ်ပြီး မဲပေးခွင့်ရမှာပါ။ အဲဒီမှာ ပြန်မဲပေးမယ်ဆိုရင်လည်း ပုံစံ ၂ မျိုးနဲ့ မဲဆန္ဒပေးလို့ရပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ ဆန္ဒမဲပေးလို့ရတဲ့နေ့မှာ မဲပေးတဲ့ပုံစံရယ် နောက်တစ်ခုက ကိုယ်က မဲပေးခွင့်ရတဲ့နေ့မှာ မဲလာပေးနိုင်မှာမဟုတ်လို့ ကြိုတင်မဲပေးခဲ့တာမျိုးရယ်ပေါ့"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဆိုသည်။

**(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-သတင်းစဉ်)**



၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူလူငယ်တစ်ဦး ဆန္ဒမဲပေးနေစဉ်။

# သောက်သုံးရေရှားပါးသည့် ကျေးရွာ၌ ရေပေးဝေလှူဒါန်း

**ဖေယျာသီရိ မေ ၁၃**

ဖေယျာသီရိမြို့နယ်တွင် ယခင်နှစ်မိုးရာသီက မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော ရွှေတွင်းကုန်း ကျေးရွာနှင့် သိုက်ချောင်းကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥတ္တရခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်သူဆွေ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့များလိုက်ပါလျက် ယမန်နေ့နံနက် ၈ နာရီတွင် မီးသတ်ယာဉ်နှင့် အလှူရှင်၏ ရေသယ်ယာဉ်များ အသုံးပြုလျက် ရေပေးဝေလှူဒါန်းမှု ပြုလုပ်ခဲ့ရာ ကျေးရွာပြည်သူများ ပျော်ရွှင်စွာ ရယူကြသည်။ **(ယာပုံ)**

ထိုသို့ ရေလှူဒါန်းမှုမှာ ရေဂါလန် ၄၉၀၀ ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန်းအောင်ငြိမ်းဖောင်ဒေးရှင်း၊ မွန်းရေးကုမ္ပဏီတို့မှ လှူဒါန်းခြင်းဖြစ်ပြီး ယမန်နေ့အထိ ကျေးရွာငါးရွာသို့ ရေဂါလန် ၁၁၄၀၀ လှူဒါန်းခဲ့ပြီး ကျန်ရေရှားပါးသော ကျေးရွာများသို့ ဆက်လက်ပေးဝေ လှူဒါန်းသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

**ကိုကိုနေ**



# မြန်မာ့မိုဘိုင်းနည်းပညာကဏ္ဍတွင် ထူးချွန်သည့်မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးရန် လိုအပ်

**ရန်ကုန် မေ ၁၃**

မြန်မာ့မိုဘိုင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သည့် လူငယ်မိုဘိုင်း App Developer များပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ Samsung (မြန်မာ)မှ ပြုလုပ်သည့် Samsung Tech Institute Andriod Mobile Application Development Training Program 2015 သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၁ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

Samsung သည် အဆိုပါ သင်တန်းများကို ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများကို ရွေးချယ်၍ သင်တန်းများကို ပို့ချပေးလျက်ရှိသည်။ ယခုနှစ်အတွက် ပထမဆုံးအကြိမ် ရန်ကုန်တက္ကသိုလ်မှ ၃၇ ဦးနှင့် ဒဂုံတက္ကသိုလ်မှ ၁၃ ဦးကို ရွေးချယ်၍ သင်တန်းပို့ချပေးခြင်းဖြစ်သည်။

သင်တန်းသားတစ်ဦးဖြစ်သူ မြတ်သီဟ ရန်ကုန်တက္ကသိုလ် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံက "ကျွန်တော်တို့ အရင်တုန်းက သုံးတာက Java programming ပဲ။ အခုဒီသင်တန်းမှာ Android ကို တကယ် လက်တွေ့သုံးရတော့ ကျွန်တော်တို့အတွက် တော်တော်လေးအကျိုးရှိတာကို တွေ့ရတယ်။ Programming လုပ်ရတာ အများကြီးလည်း လွယ်လာတယ်။ နောက်နှစ်ပတ်လောက်ဆိုရင် ကိုယ်တိုင် App တစ်ခု ရေးနိုင်မှာပါ" ဟု ပြောသည်။

ယင်းသင်တန်း အစီအစဉ်တွင် နည်းပညာဆိုင်ရာ သင်တန်းများ ပို့ချပေးရုံသာမက ကျောင်းသားများကို နှစ်ဦးတစ်ဖွဲ့နှုန်းဖြင့် အဖွဲ့၂၅ ဖွဲ့ ဖွဲ့စည်း၍ တစ်ဖွဲ့လျှင် App တစ်ခုစီကို အမှတ်ပေးစနစ်ဖြင့် ဖန်တီးယှဉ်ပြိုင်စေမည်ဖြစ်သည်။ အကောင်းဆုံး ဖန်တီးနိုင်မည့် App များကို ဆုများချီးမြှင့်ပေးသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ဒီတစ်လ သင်တန်းကနေ ကျောင်းသားတွေကိုယ်တိုင် App တွေကို ကိုယ်တိုင်ဖန်တီးတတ်လာပြီဆိုရင် အတော်ဆုံးကျောင်းသားတွေကိုရွေးချယ်ပြီး ကျွန်တော်တို့ဆီမှာ အလုပ်လုပ်ချင်တယ်ဆို အလုပ်ခန့်ပါတယ်။ တခြားကုမ္ပဏီတွေမှာ အလုပ်လုပ်လည်းရပါတယ်။ တကယ်ကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုရင်တော့ ဒီထက်မက သင်တန်းတွေတက်ဖို့လိုပါတယ်" ဟု Samsung မြန်မာမှ ကိုကျော်စွာလင်းက ပြောသည်။

ယနေ့ခေတ်ကာလမိုဘိုင်းဖုန်းအများစုတွင် Android App များကိုသာ အသုံးပြုလျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ အိုင်တီနည်းပညာကဏ္ဍတွင် အဆိုပါ သင်တန်းများ အများအပြား ဖွင့်လှစ်ပေးရန်လိုအပ်သည်။ ထို့ကြောင့် Samsung အနေဖြင့် ယခုနှစ်အတွင်း ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာ တက္ကသိုလ်တို့တွင်လည်း အဆိုပါသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည့် အပြင် ဇွန်လအတွင်း Android App များနှင့် ပတ်သက်၍ ပညာပေး Road Show များလည်း ပြုလုပ်သွားမည်ဟု သိရသည်။

**ခင်ဇာလီ(ကြေးမုံ)**

# တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များ အောင်မြင်ရေး စည်းဝေး

**မော်လမြိုင် မေ ၁၃**

တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော အနာဂတ် အစီအမံများဖြစ်သည့် တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များ မဟာဗျူဟာစီမံကိန်းနှင့် မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်များနှင့်အညီ တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များ၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ မဟာ ဗျူဟာစီမံကိန်းတွင် ဖော်ဆောင်မည့် နယ်ပယ် ငါးရပ်နှင့် ချမှတ်ထားသော ရည်မှန်းချက်များကို အသေးစိတ်ဖတ်ကြားရှင်းလင်း ဆွေးနွေးခဲ့သည်။

တရားသူကြီးများက ကျရာကဏ္ဍမှာ မိမိတို့၏ တာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မွန်ပြည်နယ် တရားရေးဦးစီးမှူး ဦးဌေးဝင်းက မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ နှစ်အလိုက် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေး ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများက တရားစီရင်ရေးဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ကြသည်။

**(၃၀၇)**

**ပြည်တွင်းရေးရာ**

# အင်ဒိုနီးရှားနိုင်ငံရောက် မြန်မာရေလုပ်သား ၅၃၅ ဦးအား မြန်မာနိုင်ငံသို့ မေ ၂၂ ရက်အတွင်း အပြီးသတ်ပြန်လည်ခေါ်ဆောင်မည်

**ရန်ကုန် မေ ၁၃**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာရေလုပ်သားများကို ဧပြီ ၁၅ ရက်မှ မေ ၃ ရက်အထိ သွားရောက်စိစစ်ခဲ့ရာ ဂျကာတာမြို့ရှိ Shelter တွင် ၁၄ ဦး(ကလေးငယ် တစ်ဦးပါ)၊ Ambon မြို့ရှိ လဝက အချုပ်ထောင်တွင် ၂၂ ဦး၊ Tual မြို့ လဝကရုံးတွင် ၂၃ ဦး၊ Tual မြို့ ရေလုပ်ငန်းရုံးတွင် ၂၇၇ ဦး၊ Benjina ကျွန်းတွင် ၁၉၉ ဦး စုစုပေါင်း ၅၃၅ ဦးရှိကြောင်း သိရသည်။

အဆိုပါ ရေလုပ်သားများအနက် ဂျကာတာမြို့ရှိ Shelter မှ လူကုန်ကူးခံရသူ ၁၄ ဦးတွင် ကလေးတစ်ဦးမှအပ ကျန် ၁၃ ဦးမှာ မြန်မာသံရုံးနှင့် International Organization for Migration(IOM) တို့ ပူးပေါင်း၍ မေ ၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့ပြီး ကလေးတစ်ဦးမှာ မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ ပြန်လည်ပို့ဆောင်နိုင်ရေး မြန်မာသံရုံးနှင့် IOM တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ambon မြို့ လဝကအချုပ်ထောင်ရှိ မြန်မာရေလုပ်သား ၂၂ ဦးမှာ အင်ဒိုနီးရှားရေတပ်က ဖမ်းဆီးထားသော ထိုင်းငါးဖမ်းလှေမှ မြန်မာရေလုပ်သားများဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် မြန်မာသံရုံးက Certificate of Identify ထုတ်ပေးထားပြီး ထိုင်းငါးဖမ်းလှေပိုင်ရှင်၏ စရိတ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Tual မြို့ လဝကရုံးမှ ၂၃ ဦး၊ Tual မြို့ ရေလုပ်ငန်းမှ ၂၇၇ ဦး၊ Benjina ကျွန်းမှ ၁၉၉ ဦး စုစုပေါင်း ၄၉၉ ဦးတို့မှာ အင်ဒိုနီးရှားအစိုးရနှင့် မြန်မာအစိုးရတို့ ပူးပေါင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားရှိသည်။ အဆိုပါ ၄၉၉ ဦးတွင် မိသားစုရှိ၍ မပြန်လိုသူ သုံးဦးပါဝင်သဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရမည့် မြန်မာရေလုပ်သား စုစုပေါင်းမှာ၄၉၆ ဦးဖြစ်ကြောင်းနှင့် ရေလုပ်သားများအား Benjina ကျွန်းမှ Tual မြို့သို့ လည်းကောင်း၊ Tual မြို့မှ Ambon အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လည်းကောင်း ပို့ဆောင်ရေးအတွက် ဂျကာတာရှိ မြန်မာသံရုံးနှင့် IOM တို့ ညှိနှိုင်းဆောင်ရွက်ထားပြီး Ambon အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာနိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ရေလုပ်သား ၄၉၆ ဦးအနက် ၁၂၅ ဦးကို ပထမအသုတ်အနေဖြင့် မေ ၁၄ ရက်တွင် လည်းကောင်း၊ ၁၂၀ ဦးကို ဒုတိယအသုတ်အဖြစ် မေ ၁၇ ရက်တွင် လည်းကောင်း၊ ကျန်ရေလုပ်သားများကို မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း တတိယအသုတ်နှင့် စတုတ္ထအသုတ်အဖြစ် လေယာဉ်ဖြင့် အပြီးသတ်ပြန်လည်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

■

# ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြားမှလွဲ၍ ရန်ကုန်မြို့ပတ်လမ်းပိုင်းတစ်ခုလုံးအား အဆင့်မြှင့်တင်မည်

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းမှာ မြန်မာ့မီးရထားနှင့် JICA လေ့လာရေးအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းတစ်ခုဖြစ်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်မြှင့်တင်ရေးလုပ်ငန်းများ အတွက် ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြားမှလွဲ၍ ရန်ကုန်မြို့ပတ်လမ်းပိုင်းတစ်ခုလုံးအား အဆင့်မြှင့်တင်ဆောင်ရွက်တော့မည်ဖြစ်သည်။



ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့် သက်ဆိုင်သော တွေ့ဆုံပွဲကို ယုဇနဂါးဒင်းဟိုတယ်၌ မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ JICA လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မိဘပြည်သူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီမံကိန်းဆောင်ရွက်နေမှုလက်ရှိအခြေအနေများဖြစ်သော ရထားသံလမ်းများအတွက် သံမဏိရက်မများ၊ အုတ်/ကွန်ကရစ်ဆောင်ရွက်ထားရှိမှုများ၊ ရထားလမ်းအချက်ပြစနစ် ဆောင်ရွက်ထားရှိမှုများ၊ ဘူတာရုံအတွင်း/အပြင် ဆောင်ရွက်ထားမှုများ၊ ပြေးဆွဲလျက်ရှိနေသော ရထားများအကြောင်းနှင့် စီမံကိန်းလုပ်ဆောင်သွားမည့် ရည်ရွယ်ချက်များအား မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက "စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးများ၊ မီးရထားလုပ်ငန်းအတွက် လုပ်ဆောင်သွားမယ့် ဒီဇိုင်းများကို ပြည်သူများအား အသိပေးချပြလိုက်တာပါ။ စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပဋိပက္ခတွေကို လျှော့ချဖို့နဲ့ လုပ်ငန်းလုပ်ဆောင်ရာမှာ ချောမွေ့စေဖို့ ပြင်ဆင်ဆောင်ရွက်ရခြင်းလည်း ဖြစ်ပါတယ်။ ရန်ကုန်ဘူတာကြီးနဲ့ ပုဇွန်တောင်ဘူတာကြားကလည်း ဘတ်ဂျက်အရ ခဏချန်ထားတာပါ။ ပုဇွန်တောင်ဘူတာအတွက် EOI အရ ဘယ်လောက်စိတ်ဝင်စားကြလဲဆိုတာ တင်ဒါခေါ်ပါတယ်။ Y.C.D.C နဲ့ ညှိနှိုင်းပြီး ပုဇွန်တောင်ဘူတာအတွက် ဒီဇိုင်းဆွဲထားပါတယ်။ ပြီးတော့ ဌာနအသီးသီးကိုတင်ပြီး ခွင့်ပြုပြီဆိုတော့မှ တိုက်ရိုက်တင်ဒါခေါ်ယူလိုက်တာပါ။ ဇူလိုင် ၂၇ ရက်မှာ တင်ဒါပိတ်ပါမယ်။ ဒါလည်း ပြည်တွင်းကုမ္ပဏီကို ဦးစားပေးပြီး လုပ်ဆောင်ခိုင်းမှာပါ" ဟု ဆိုသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းတွင် အဆောက်အအုံနှင့် လမ်းကြောင်းတည်ဆောက်မှုများ အဆင့်မြှင့်တင်ရန်၊ အချက်ပြစနစ်၊ ဆက်သွယ်ရေးနှင့် ရထားပြေးဆွဲမှုစနစ်များကို ခေတ်မီနည်းစနစ်များဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကားရထားများ တိုးတက်ခေတ်မီစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးအပိုင်း၏ အနောက်ဘက်ခြမ်းမှ စတင်ကာ ဒညင်းကုန်းဘူတာအထိ အပိုင်းကိုဖြတ်သန်းလျက် ပုဇွန်တောင်ဘူတာအထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း ၄၄ ဒသမ သုည ကီလိုမီတာအရှည်ရှိကာ ၄၆ ဒသမ သုည ကီလိုမီတာအရှည်ရှိသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၏ အများစုကို ခြုံငုံမိစေမည်ဖြစ်သည်။

JICA လေ့လာရေးအဖွဲ့မှ ဦးတင်အောင်မိုးက "ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် ပတ်ဝန်းကျင်နဲ့ လူမှုဘဝ တိုးတက်စေရေးကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ JICA အနေနဲ့က ရထားလမ်း အဆင့်မြှင့်တင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို ကူညီပေးဖို့ဖြစ်ပါတယ်။ ရထားလမ်းအဖွဲ့အနေနဲ့ ရထားလမ်းနဲ့ မလွတ်ကင်းတဲ့ အဆောက်အအုံ၊ အိမ်ရာတွေကို စာရင်းကောက်ယူပါတယ်။ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတွေ ရိုက်ကူးထားပါတယ်။ သေချာတိုင်းတာပြီး စာရင်းပြုစုထားပါတယ်။ အားလုံးအိမ်ပေါင်း ၁၂ လုံးရှိပါတယ်။ မီးရထားဝန်ထမ်းအိမ်ရာတွေအပါအဝင် ဝန်ထမ်းအိမ်ရာ မဟုတ်တဲ့ ပြင်ပအိမ်ရာတွေလည်း ပါဝင်ပါတယ်။ လူဦးရေ ၅၈ ဦးလောက်တော့ ထိခိုက်မယ်လို့ မျှော်လင့်ရပါတယ်။ ထိခိုက်မယ်ဆိုတာကလည်း သူတို့ နေထိုင်နေတဲ့ လက်ရှိအိမ်ရာတွေက ရထားလမ်းနဲ့ မလွတ်ကင်းတာကြောင့် ရွှေ့ပြောင်းပေးရမယ့် သဘောရှိပါတယ်။ ကျွန်တော်တို့က နည်းပညာနဲ့ လုပ်ထုံးလုပ်နည်းပဲ ဆောင်ရွက်ပေးတာပါ။ ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ပတ်ဝန်းကျင်နဲ့ လူမှုဘဝထိခိုက်ဆန်းစစ်မှုကို JICA အနေနဲ့ လေ့လာနေတာဖြစ်ပါတယ်"ဟု ပြောသည်။

လက်ရှိရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရထားမောင်းနှင်အမြန်နှုန်း (တစ်နာရီလျှင် ၆၀ kph) တိုးမြှင့်ပြေးဆွဲခြင်း၊ ရထားလည်ပတ်မှုအချိန်မှန်ပြီး ပိုမိုစိတ်ချရမှုရှိလာစေခြင်း၊ ရထားစီးခရီးသည် အရေအတွက် တိုးလာစေရန်နှင့် ခရီးသည်များစီးနင်းရာတွင် သက်သောင့်သက်သာရှိစေရန်၊ ရထားလမ်းအနီးနေထိုင်သူများနှင့် ခရီးသည်များဘေးကင်းမှုရှိစေရန်၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများအား ပါဝင်အားဖြည့်ရန်နှင့် မြန်မာ့မီးရထားလုပ်ငန်း၏ စီးပွားရေးကဏ္ဍကို တိုးတက်မှုရှိစေရန်၊ ခရီးသွားပြည်သူများအဆင်ပြေရေးအတွက် ပြည်ပမှမှာယူထားသော ရထားတွဲ ၃၂ တွဲမှာ မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းခရီးစဉ်များ၌ လိုအပ်သည့် နေရာများတွင် ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(စိုးဝင်း-MLA)**

## ရုပ်မြင်သံကြားအစီအစဉ်

၁၄ - ၅ - ၂၀၁၅ (ကြာသပတေးနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၀ ကြည်ညိုဖွယ်ရာ မကုန်ပဲခူးဘုရားစုံ
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၁း၄၀ နှင်းကွဲချိန်
၂း၃၅ အမှန်ထင်နေသောအမှား
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
-ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄း၅၀ ထင်းအစားထိုးမီးဖိုများ
၅း၃၅ ပြည်သူအားလုံးစာတတ်ဖို့ ဝိုင်းဝန်းကူညီကြပါစို့
၆း၃၅ ပြည်သူတို့ရဲ့စကားသံများ
-ဘော်လီဘောပြိုင်ပွဲ
-ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာဂီတ ရိပ်သာ (အပိုင်း-၅၁)
၆း၁၅ "အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၁၁) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းဦး၊ စိုင်းစည်သွမ်ခမ်းလှိုင်၊ ထွန်းအိန္ဒြာဗို၊ဖွေးဖွေး၊ မိုးဟေကို၊ အေးမြတ်သူ) (ဒါရိုက်တာ-ဝိုင်း)
၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၁၉)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၅၈)
၈း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "မာနကိုဝါးစားမယ်" (ပထမပိုင်း) (ဟိန်းဝေယံ၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ဒေါန)
၉း၂၅ တေးဂီတအစီအစဉ်
၉း၄၀ ပြည်သူ့နီတိ "အင်တာနေရှင်နယ်တောသား"
၉း၅၅ ASEAN CULTURAL FAIR (2014)
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "သားကောင်" (နေတိုး၊ ရဲအောင်၊ ပုလဲဝင်း၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-အေးလွင်)

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ ရွှေဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မှော်အနုပညာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၃၈)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်ထဲက တော်ဝင်သမားတော် အပိုင်း(၄၃) - ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် အပိုင်း(၃၂)

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဓမ္မသုတ်
၁၁း၀၅ Food & Decor
၁၁း၃၅ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၆)
၁၂း၄၅ လေသာတောင်ပေါ်မှ ဘုရားစေတီပုထိုးများ
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၁)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၉)
၃း၄၅ ဆယ့်နှစ်လရာသီအလှုပန်းချီ (ထူးမြတ်ပါလှ ကဆုန်လ) (အပိုင်း-၂)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၀)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၂)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၇)
၄း၅၀ လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်

### mitv

- Myanmar Traditional Instruments - Myanma Harp (Episode-2)
- Tea
- A Visit To Today's Along-Daw-Katthapha
- The Caves
- Products Of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
- Pet Fish Biz
- Parents' Day
- Shwe U Min Natural Cave In Kalaw
- Kay Tu Mar Lar "The Family"
- Inspiration
- A Visit to Kyuak Kyi
- Today Myanmar "U 20"
- Products Of Myanmar - Craft Blacksmithing
- Distinguished Myanmar Ladies "Tin Moe Lwin"
- Myanmar Charitable Labour Association
- Yatana Theinga City and Shwe Bon Yatanamingalar Palace
- A Monk's Robe
- The Richly Blessed Gem Land
- TECH School
- Local Tour Guide: Pho Khant
- Dhamma School
- Myanmar Harpist
- Myanmar Traditional Toys
- Strolling Along A Memory Link - U Pein Bridge

# (၂၁)ကြိမ်မြောက်သည် ရာထောင်ချီသို့ . . .

သတင်း
ခင်ခင်သက်
ဖြိုးစန္ဒာမြင့်

ဓာတ်ပုံ
ကိုကိုနေ
နိုင်လင်းကြည်



မောင်ကျော်ဆွေအောင်



မသန်းသန်းဝင်း

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကာလ ပြီးဆုံး၍ ဆုပေးပွဲအခမ်းအနားကို မေ ၁၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့သည်။ ရွှေ၊ ငွေ၊ ကြေး၊ နှစ်သိမ့်ဆုစသည်ဖြင့် ရလဒ်၊ ဆုတံဆိပ်အမျိုးမျိုးရရှိခဲ့သော်လည်း မိမိတို့၏ ကိုယ်ပိုင်ရိုးရာအနုသုခုမပညာရပ်အပေါ် ချစ်မြတ်နိုးသောစိတ်ဓာတ်နှင့် အရိုးကိုအရွက်မဖုံးသော ဆန်းသစ်မှုများ၊ ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်မှုများနှင့် ယဉ်ကျေးမှုကို လက်ဆင့်ကမ်းသူ၊ ဆက်ခံသူတို့၏ အားထုတ်မှုနှင့် စေတနာတို့ကို တွေ့မြင်ကြရသည်။

ယမန်နှစ်ပြိုင်ပွဲထက် ပြိုင်ပွဲဝင်အရေအတွက် နည်းပါးခဲ့သည်ဆိုသော်လည်း အနုပညာအရည်အသွေးမှာမူ မြင့်မားလာသည်။ ယခုနှစ်မှစတင်ထည့်သွင်း ယှဉ်ပြိုင်စေသော တိုင်းရင်းသားရိုးရာအကနှင့် ကျေးလက်အကတို့၏ သွက်လက်တက်ကြွသည့် ကကွက်များ၊ သာယာငြိမ့်ညောင်းသော တေးသွားများတွင် ပရိသတ်အပေါင်း စီးမျောအုံ့သြရင်း ဝမ်းမြောက်ဝမ်းသာအားပေးခဲ့ကြသည်။ ကဗျာလွတ်အက၏ ရိုးရာကကွက်ပေါ်မှ ဆန်းသစ်သော ပုံသဏ္ဌာန်များကိုလည်း ကျေနပ်ခဲ့ကြ၊ အားပေးခဲ့ကြသည်။ မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုမျက်နှာစာမှ ကြယ်ပွင့်များ၏ရှေ့ဆက်မည့်အားမာန်များ ပီတိစကားများကိုလည်း ဝေမျှလိုက်ရပါသည်-

**မောင်ကျော်ဆွေအောင်**
**(ရွှေတံဆိပ်ဆုရှင်)**
**အခြေခံပညာ အသက်(၁၀-၁၅)**
**အဆင့် (အမျိုးသား) နဲ့ပြိုင်ပွဲ**
**ရန်ကုန်တိုင်းဒေသကြီး**

"ဒီနဲ့ပညာကို ၂၀၁၄ ခုနှစ်ကမှ စတင်လေ့လာခဲ့တာပါ။ အားလပ်ချိန်တွေမှာ ဆရာနဲ့ အိမ်မှာ လေ့ကျင့်ဖြစ်တယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပထမဆုံးအကြိမ်ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပေမယ့် ရွှေတံဆိပ်ရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ နောင်နှစ်တွေ ထပ်ယှဉ်ပြိုင်ဖို့လည်း အားသစ်တိုးတာပေါ့"

**မလဲ့ရည်ကို**
**(ရွှေတံဆိပ်ဆုရှင်)**
**အဆင့်မြင့် ပညာအဆင့်**
**(မဟာဂီတ)အဆိုပြိုင်ပွဲ**
**ရခိုင်ပြည်နယ်**

ဒီဆုကိုရခဲ့လို့ အတိုင်းမသိဝမ်းသာမိပါတယ်။ ၂၀၀၃ ခုနှစ်တုန်းက ငွေတံဆိပ်နဲ့ ၂၀၀၅ ခုနှစ်က ကြေးတံဆိပ်ရခဲ့ဖူးပါတယ်။ ဒီပညာကိုဆရာသမားအများကြီးဆီက လေ့လာခဲ့ရတာပါ။ အသက် (၆)နှစ်အရွယ်ကတည်းက လေ့လာခဲ့ပြီး အမေနဲ့ မယ်ဒလင်ဆရာဦးမောင်မောင်ရဲ့ပံ့ပိုးမှုကြောင့် ဒီလိုဆုမျိုးကို ရခဲ့တာဖြစ်ပါတယ်။ ခေတ်ပေါ် တေးဂီတရော၊ မြန်မာသံစဉ် ဂန္ထဝင် တေးသီချင်းတွေရော ဆက်လက် လေ့လာသွားဦးမှာပါ။ လူငယ်ဆိုတာ ဂီတကိုနှစ်သက်ကြတာချည်းပါပဲ။ ဒါပေမယ့်အခြေခံကို တကယ်မသိကြဘူး။ အရှေ့တိုင်းဖြစ်ဖြစ်၊ အနောက်တိုင်းဂီတဖြစ်ဖြစ် အနှစ်သာရရှိတဲ့ ဂီတပညာရပ်တွေကို အရင်လေ့လာဖို့အကြံပြုချင်ပါတယ်။

**မသန်းသန်းဝင်း**
**(ရွှေတံဆိပ်ဆုရှင်)**
**အခြေခံပညာ အသက် (၁၀-၁၅)**
**အဆင့်(အမျိုးသမီး) အကပြိုင်ပွဲ**
**မန္တလေးတိုင်းဒေသကြီး**

ဒီဆုရတဲ့အတွက် ဝမ်းသာပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ပြိုင်တာသုံးနှစ်ရှိပါပြီ။ ဒီနှစ်မှ ဆုရတာပါ။ အကပညာကို ဒုတိယတန်းလောက်ကတည်းက ဝါသနာပါပြီး ဆရာမနဲ့သေချာလေ့ကျင့်ခဲ့တာ။ နောင်နှစ်တွေမှာပြိုင်မယ့် ပြိုင်ပွဲဝင်တွေကို ပြောချင်တာကတော့ ကြိုးစားလေ့ကျင့်ရင် တစ်ချိန်မှာရွှေရမှာပါ။ ဘယ်တော့မှ အားမလျှော့ပါနဲ့။

**မဟေမန်ဦး**
**(ကြေးတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက်(၁၅-၂၀)**
**အဆင့်(အမျိုးသမီး) အကပြိုင်ပွဲ**
**ရန်ကုန်တိုင်းဒေသကြီး**

ဒီနှစ်မှစပြိုင်တာပါ။ ပြိုင်ပွဲဝင်တွေအများကြီးထဲကမှ ဆုတစ်ခုရခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ နောင်နှစ်တွေမှာလည်း ဆက်လက်ယှဉ်ပြိုင်ဖြစ်ဦးမှာပါ။

**မအိမ့်သူသူမွန်**
**(ငွေတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက်(၁၀-၁၅)**
**အဆင့်(အမျိုးသမီး) တယောပြိုင်ပွဲ**
**မွန်ပြည်နယ်**

ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ကျေလည်းကျေနပ်ပါတယ်။ နောင်နှစ်တွေမှာလည်း ပြိုင်ပွဲဝင်ဖြစ်ဦးမှာပါ။ အတီးပညာရပ်မှာ တယောအပြင် စန္ဒရားပညာရပ်ကိုလည်း စိတ်ဝင်စားပါတယ်။ မျိုးဆက်သစ်ပြိုင်ပွဲဝင်တွေကို ပြောချင်တာက ကြိုးစားရင် ထိုက်တန်တဲ့ရလဒ်တစ်ခုတော့ရမှာပါ။



မလဲ့ရည်ကို



မအိမ့်သူသူမွန်



နန်းမြကေခိုင်လွင်



မခင်လပြည့်ဝန်း



နန်းစန်းပွင့်အေး



မောင်တိမ်မင်းခန့်

**နော်ထက်ဆုလဒ်**
**(ရွှေတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက်(၁၀-၁၅)**
**အဆင့်(အမျိုးသမီး) တယောပြိုင်ပွဲ**
**ရန်ကုန်တိုင်းဒေသကြီး**

ဒီနှစ်မှ စပြိုင်ပေမယ့် ရွှေရခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာတယ်၊ ဒီတယောပညာကို ဘုရားကျောင်းမှာ စပြီးတော့ ထိတွေ့ခွင့်ရခဲ့တာ။ လေ့ကျင့်လာတာ ငါးနှစ်လောက်တော့ ရှိပြီ။ အခြားတူရိယာတွေဖြစ်တဲ့ စန္ဒရား၊ စောင်းတို့ကိုလည်း ဝါသနာပါပေမယ့် တယောပညာမှာ ကျွမ်းကျင်တာမို့ ရွေးချယ်ယှဉ်ပြိုင်ဖြစ်တာပါ။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကြိုးစားရင် နောက်ဆုံးတော့ အောင်မြင်ရမှာပါ။

**နန်းမြကေခိုင်လွင်**
**(ငွေတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက်(၁၅-၂၀)**
**အဆင့် (မဟာဂီတ) အဆိုပြိုင်ပွဲ**
**ကရင်ပြည်နယ်**

ငယ်ငယ်ကတည်းက မဟာဂီတနဲ့ ပတ်သက်တဲ့ပြိုင်ပွဲတွေမှာ ပြိုင်ဖြစ်တယ်။ ကျောင်းကရွေးချယ်လို့ပြိုင်ဖြစ်တာကနေတစ်ဆင့် ဒီနေ့ နိုင်ငံတော်အဆင့်ထိရောက်လာခဲ့တာပါ။ အခုဒုတိယအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်တာပါ။ ပထမအကြိမ်တုန်းက ဆုမရခဲ့ပေမယ့် အခုငွေတံဆိပ်ရတော့ အတိုင်းမသိဝမ်းသာပါတယ်။ အဓိကကတော့ စိတ်ဓာတ်မကျဘဲ ကြိုးစားဖို့ပါပဲ။ တက္ကသိုလ်ဝင်တန်းဖြေထားတာမို့ အောင်ရင်ယဉ်ကျေးမှုတက္ကသိုလ်တက်မှာပါ။ ဂီတပညာနဲ့ ပတ်သက်ရင် အဆိုအပြင် အကပညာကိုလည်း စိတ်ဝင်စားပါတယ်။ နောက်နှစ်တွေမှာ အကပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖို့စိတ်ကူးထားပါတယ်။ စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ ကြိုးစားရင် တစ်နေ့အောင်မြင်မှာပါ။ ဒီပညာရပ်ကိုလည်း ကိုယ်တိုင်ဆက်လက်လေ့လာတဲ့အပြင် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းသင်ကြားပေးသွားဖို့လည်း စိတ်ကူးရှိပါတယ်။

**မခင်လပြည့်ဝန်း**
**(ငွေတံဆိပ် နှစ်ဆုရှင်)**
**အခြေခံပညာအသက် (၁၀-၁၅)**
**အဆင့် (အမျိုးသမီး) အဆိုပြိုင်ပွဲ**
**(မဟာဂီတနှင့် ကာလပေါ်)**
**ရှမ်းပြည်နယ်**

ဒီပညာရပ်တွေကို အဖေက သင်ပေးခဲ့တာပါ။ မူလတန်းကတည်းကလေ့ကျင့်ခဲ့တာ။ ဒီနှစ်မှ စပြိုင်ခဲ့ပေမယ့် ဆုနှစ်ဆုရတဲ့အတွက် ဝမ်းသာမိပါတယ်။ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက်လည်း ကျေနပ်မိတယ်၊ အဆို ပညာရပ်မှာ အားကျလေးစားရတဲ့သူတွေကတော့ အန်တီတင်တင်မြနဲ့ အန်တီမာမာအေးပါ။ မဟာဂီတကိုမှ ရွေးပြီး ယှဉ်ပြိုင်ရတဲ့ အကြောင်းကတော့ မဟာဂီတဆိုတာ လူတိုင်းသီဆိုဖို့ ခက်ခဲတဲ့ပညာရပ်မို့ပါ။ အဆိုပညာအပြင် အတီးပညာရပ်ကိုလည်းစိတ်ဝင်စားပါတယ်။

**နန်းစန်းပွင့်အေး**
**(ရွှေတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက် (၁၅-၂၀)**
**အဆင့် (အမျိုးသမီး) အကပြိုင်ပွဲ**
**ကရင်ပြည်နယ်**

ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် အများကြီးကြိုးစားခဲ့ရပါတယ်၊ အကပညာကို တကယ်ဝါသနာပါလို့ ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း ဆက်ပြိုင်ဦးမှာပါ၊ (၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတုန်းက ကြေးတံဆိပ်ရခဲ့ဖူးပါတယ်။ စုစုပေါင်း လေးကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် အခုမှ ရွှေတံဆိပ် ဆုရခဲ့တာပါ။ နောက်မျိုးဆက်သစ်တွေကိုလည်း အားမာန်အပြည့်နဲ့ ဆက်လက်ယှဉ်ပြိုင်ကြပါလို့ ပြောချင်ပါတယ်။

**မောင်တိမ်မင်းခန့်**
**(ရွှေတံဆိပ်ဆုရှင်)**
**အခြေခံပညာအသက် (၁၀-၁၅)**
**အဆင့် (အမျိုးသား)**
**ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲ**
**ရန်ကုန်တိုင်းဒေသကြီး**

အချိန်နှစ်လခွဲလောက် လေ့ကျင့်ခဲ့ရတယ်။ ဆရာစိန်မင်းသားနဲ့ ဆရာစိန်အောင်ဆင့်တို့က ဆိုင်းပညာ သင်ကြားပေးတာပါ။ ဝါသနာပါတဲ့ ပညာရပ်မို့ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း ဆက်လက် ယှဉ်ပြိုင်ဦးမှာပါ။

ပြိုင်ပွဲကြီးပြီးဆုံး၍ မိမိတို့နေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ပြန်ကြတော့မည်ဖြစ်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အနုပညာရှင်များ၏ ရင်တွင်းဝယ် ယဉ်ကျေးမှုကို ထိန်းသိမ်းရင်း ဝါသနာရှင်အဆင့်မှ ပညာရှင်အဆင့်သို့တိုင် လေ့လာဆည်းပူးကာ မျိုးဆက်သစ်အနုပညာရှင်များကို ပြုစုပျိုးထောင်၍ ရိုးရာယဉ်ကျေးမှုအနုသုခုမရေအလျဉ်ကို အစဉ်မပျက် စီးဆင်းစေအောင် လက်ဆင့်ကမ်းသယ်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။



(၂၁) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုအများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အချို့နှင့် အုပ်ချုပ်သူများကို တံခွန်စိုက်ဖလားနှင့်အတူ တွေ့ရစဉ်။

# AFC Cup အုပ်စုအဆင့် ပြိုင်ပွဲယှဉ်ပြိုင်ရန် ရတနာပုံအသင်း ကွင်းဆင်းလေ့ကျင့်

အာရှဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ AFC Cupအုပ်စုအဆင့်ပွဲစဉ်များကို မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းသစ်ကြီးတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးလျက်ရှိရာ မေ ၁၃ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံအက်ဖ်စီဘောလုံးအသင်းနှင့် တရုတ်နိုင်ငံ(ဟောင်ကောင်)ကလပ်အသင်း ဆောက်ဖ်ချိုင်းနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ်ချန်ပီယံရတနာပုံအက်ဖ်စီအသင်းသည် နိုင်ငံခြားသားကစားသမားသစ်များခေါ်ယူထားပြီး မြန်မာလက်ရွေးစင် ဘောလုံးအသင်းရွှေခေတ်နည်းပြဦးတင်ဟန်အား နည်းစနစ်ဒါရိုက်တာအဖြစ်ခန့်အပ်ကာ နိုင်ငံခြားနည်းပြ၊ ပြည်တွင်းနည်းပြများနှင့် AFC Cup အုပ်စုအဆင့်ပွဲစဉ်များ အနိုင်ရရှိစေရေး မန္တလေးမြို့ဗထူးအားကစားကွင်းတွင်နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်ကြိမ်လေ့ကျင့်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**



# စီးရီးအေ ရင်ခုန်သံ (၃၆)

ရှိုင်းမင်းမင်း

အီတလီစီးရီးအေပြိုင်ပွဲက ပွဲစဉ်(၃၅) ပြီးတဲ့အထိ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး၊ ဥရောပဝင်ခွင့်ရရှိရေးနဲ့ တန်းဆင်းရမယ့်အသင်းအပြည့်အစုံအဖြေပေါ်ထွက်လာခြင်း မရှိပါဘူး။ ဒါကြောင့် မျှော်လင့်ချက်တွေနဲ့အတူ ခြေကုန်ထုတ်ကြဦးမှာဖြစ်သလို မေ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာကစားမယ့် ပွဲစဉ်(၃၆)ကလည်း အကြိတ်အနယ်ရှိလာမှာပါ။

**အင်တာ VS ဂျူဗင်တပ်**

**ည ၁၀း၃၀ (၁၆-၅-၁၅)**

အင်တာမီလန်ကလည်း ဥရောပဝင်ခွင့်ရရှိဖို့ မျှော်လင့်နိုင်သေးတာကြောင့် ခြေကုန်ထုတ်ကစားလာမှာပါ။ အထူးသဖြင့် ဂျူဗင်တပ်ဟာ ချန်ပီယံဖြစ်နေပြီဖြစ်တဲ့အပြင် ချန်ပီယံလိဂ်ဆီမီး ဒုတိယအကျော့ကစားခဲ့ရတဲ့အတွက်ကြောင့်လည်း ပွဲပန်းမှုတွေရှိလာမှာပါ။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ဖိအားပေးရင် အင်တာတို့ သရေလောက်ရမှာပါ။

**ဆမ်ဒိုးရီးယား VS လာဇီယို**

**နံနက် ၁း၁၅ (၁၇-၅-၁၅)**

ဆမ်ဒိုးရီးယားက အူဒီးနီးစ်ကို ဂိုးပြတ်အနိုင်ရရှိမှုနဲ့အတူ ဥရောပဝင်ခွင့်မျှော်လင့်နိုင်ဆဲဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် လာဇီယိုကလည်း ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့ အမှားမခံတဲ့အခြေအနေဖြစ်နေတာကြောင့် အားစိုက်လာမှာပါ။ ဆမ်ဒိုးရီးယား သရေထက်မပိုနိုင်ဘူး။

**ဆာစူအိုလို VS မီလန်**

**ညနေ ၅း၀၀ (၁၇-၅-၁၅)**

ဆာစူအိုလိုက ဆီစီနာကိုအနိုင်ရရှိမှုနဲ့အတူ တန်းတင်ကျန်ရစ်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းပွဲစဉ်ဖြစ်ပေမယ့်လည်း ဒီပွဲစဉ်မှာ ခြေကုန်ထုတ်ရုန်းကန်လာဖို့ မရှိပါဘူး။ အေစီမီလန်ကလည်း မျှော်လင့်ချက်ထားရှိဖို့မဖြစ်နိုင်တော့ပါဘူး။ လက်ရှိခြေစွမ်းအရလည်း သိပ်ပြီးမကွာတာကြောင့် သရေကျသွားဖို့များပါတယ်။

**တိုရီနို VS ချီယေဗို**

**ည ၇း၃၀ (၁၇-၅-၁၅)**

ချီယေဗိုက လက်ရှိအချိန်မှာ တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်သလို ဥရောပဝင်ခွင့်ရရှိရေးအတွက်လည်း မမျှော်လင့်နိုင်တော့တာကြောင့် အားစိုက်ကစားမှုက ထင်သလောက်ပြင်းထန်ခြင်းမရှိနိုင်ပါဘူး။ ဒါ့အပြင် ချီယေဗိုဟာ အဝေးကွင်း ပွဲစဉ်တွေမှာလည်း ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းတတ်လို့ အိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် တိုရီနိုပဲနိုင်ပွဲရသွားမှာပါ။

**ဗီရိုနာ VS အမ်ပိုလီ**

**ည ၇း၃၀ (၁၇-၅-၁၅)**

ဗီရိုနာဟာ လက်ရှိအချိန်မှာ တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်သလို အမ်ပိုလီကလည်း တန်းဆင်းရမယ့် အန္တရာယ်မရှိတော့ပါဘူး။ ဒါကြောင့် နှစ်သင်းစလုံးဟာ ခြေကုန်ထုတ်ကစားကြဖို့ထက် ပွဲကိုထိန်းချုပ်ကစားသွားကြဖို့များပါတယ်။ ဒါ့အပြင် ခြေစွမ်းပိုင်းအရလည်း မကွာပါဘူး။ ဒါပေမယ့် ဗီရိုနာအိမ်ကွင်းဖြစ်လို့ ဗီရိုနာကပ်နိုင်သွားနိုင်တယ်။

**အတ္တလန္တာ VS ဂျီနိုအာ**

**ည ၇း၃၀ (၁၇-၅-၁၅)**

အတ္တလန္တာဟာ နောက်ဆုံးပွဲစဉ်မှာ ပါလာမိုကိုအနိုင်ရခဲ့ပေမယ့် စုစုပေါင်း ၃၆ မှတ်သာရသေးပြီး အဆင့် ၁၈ က ကယ်ဂလီယာရီထက် ၈ မှတ်သာ အသာရထားသေးကာ ကစားဖို့သုံးပွဲကျန်အနေအထားမှာ တန်းမဆင်းရဖို့ စိတ်မချရသေးပါဘူး။ ဒါကြောင့် အားစိုက်ကစားလာမှာဖြစ်လို့ ဂျီနိုအာတို့ အခက်တွေ့နိုင်ပြီး ဂျီနိုအာနိုင်ရင်တောင် မပြတ်သားဘူး။

**ကယ်ဂလီယာရီ VS ပါလာမို**

**ည ၇း၃၀ (၁၇-၅-၁၅)**

ကယ်ဂလီယာရီဟာ တန်းမဆင်းရဖို့ အနည်းငယ်သောမျှော်လင့်ချက်ကလေးရှိနေသေးတာကြောင့် အားစိုက်ကစားလာမှာပါ။ ပါလာမိုကတော့ တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်လို့မရနိုင်တော့ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမယ့် ကယ်ဂလီယာရီတို့ သရေလောက်ကစားနိုင်မှာပါ။

**ရိုးမား VS အူဒီးနီးစ်**

**နံနက် ၁း၁၅ (၁၈-၅-၁၅)**

အူဒီးနီးစ်က တန်းတင်ကျန်ရစ်ခဲ့ပြီးဖြစ်ပါတယ်။ ဥရောပဝင်ခွင့် မျှော်လင့်နိုင်ခြေလည်း မရှိတော့ပါဘူး။ ရိုးမားကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ မသေချာတော့တာကြောင့် အားစိုက်ကစားလာမှာပါ။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရိုးမားက အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ရိုးမားက အိမ်ကွင်းမှာ အနိုင်ပွဲရယူသွားမှာပါ။

**ဖီအိုရင်တီးနား VS ပါးမား**

**ည ၁၁း၃၀ (၁၈-၅-၁၅)**

ပါးမားက တန်းဆင်းသွားရပြီဖြစ်သလို လက်ရှိအချိန်မှာလည်း ခံကစားအားပြန်လည်ကျဆင်းနေပါတယ်။ ဖီအိုရင်တီးနားက ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် အိမ်ကွင်းဖြစ်တဲ့အပြင် ဥရောပဝင်ခွင့်ရရှိဖို့ မသေချာသေးတာကြောင့် အားစိုက်ကစားသွားမှာပါ။ ဖီအိုရင်တီးနားတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**နာပိုလီ VS ဆီစီနာ**

**နံနက် ၁း၃၀ (၁၉-၅-၁၅)**

ဆီစီနာက နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်(၃၅)မှာ ဆာစူအိုလိုကို ရှုံးနိမ့်ခဲ့ရမှုနဲ့အတူ တန်းဆင်းရဖို့သေချာသွားပါပြီ။ နာပိုလီကတော့ အမှတ်ရရှိမှုအနေအထားအရ ချန်ပီယံလိဂ်ဝင်ခွင့်ပါ မျှော်လင့်နိုင်သေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားပါလိမ့်မယ်။ ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် နာပိုလီပဲနိုင်ပွဲရသွားမှာပါ။

# စီရိုနယ်လ်ဒိုနှင့် ကာဆီးလက် ရီးယဲလ်မှ ထွက်ခွာမည်

တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဂိုးသမားကာဆီးလက်တို့သည် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်သေချာနေကြောင်း ရီးယဲလ်မက်ဒရစ်အသင်း၏ ဂိုးသမားဟောင်းတစ်ဦးဖြစ်သူ အောဂတ်စတင်ရိုဒရီဂွက်ဇ်က ပြောကြားခဲ့သည်။

ဂိုးသမားကာဆီးလက်၏ ရီးယဲလ်မက်ဒရစ်အနာဂတ်သည် လွန်ခဲ့သည့်တစ်နှစ်ကတည်းက တည်ငြိမ်မှုကင်းမဲ့နေခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ ဂိုးသမားဒီဂီယာနှင့် အစားထိုးရန်ချိတ်ဆက်မှုများရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အငြင်းပွားဖွယ်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို စွန့်ခွာရန်စီစဉ်ထားခဲ့ကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် အဆိုပါကစားသမားနှစ်ဦးအား အသင်းတွင် ဆက်လက်ရချင်သော်လည်း ရီးယဲလ်ပရိသတ်များက စီရိုနယ်လ်ဒိုနှင့် ကာဆီးလက်မှာ ရီးယဲလ်ကို စွန့်ခွာမည့်ကစားသမားနှစ်ဦးအဖြစ် ထင်ကြေးပေးထားခဲ့သည်။

(ငွေကြယ်)

# ချန်ပီယံရှစ်က ဘယ်အသင်း ပရီမီယာလိဂ်ကို တန်းတက်လာဦးမလဲ

နိုင်လင်းကြည်




**အစ်ဆွစ်အသင်းနှင့် နော့ဝှစ်ချ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည့် ပရီမီယာလိဂ်ကို တန်းတက်ရေး Play-Offs ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်။**

**မေ ၁၂ ရက်မှ အဆက်**

မစ်ဒယ်ဘရော့ကတော့ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲ နောက်ဆုံးကစားခွင့်ရရှိခဲ့တာ ဖြစ်တယ်။ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရဖို့ Play-Offs ကစားခဲ့ရာမှာလည်း အဝေးကွင်းမှာ ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားသလို ပုံမှန်ချန်ပီယံရှစ်အိမ်ကွင်းပွဲစဉ်မှာလည်း ဘရန်းဖို့ဒ်အသင်းကို လေးဂိုးပြတ်နဲ့တောင် အနိုင်ရရှိထားတယ်။ ဒါ့ကြောင့် မေ ၁၅ ရက်မှာ ဘရန်းဖို့ဒ်အသင်းရဲ့ အိမ်ကွင်းမှာ ကစားမယ့်ပွဲစဉ်မှာ ဘရန်းဖို့ဒ်ကို အနိုင်ရရှိခဲ့ရင်ဖြင့် မယ်ဒယ်ဘရော့အတွက် လာမယ့်ပရီမီယာလိဂ်ပြိုင်ပွဲမှာ မျက်နှာသစ်အသင်းတစ်သင်းအဖြစ်မြင်တွေ့ရဖို့ လမ်းကြောင်းပေါ်ကို ရောက်လာမယ့်အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ရဖို့ရှိနေပါတယ်။

အစ်ဆွစ်အသင်းဟာ ပရီမီယာလိဂ်ကို တန်းတက်ဖို့ Play-Offs ကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ နော့ဝှစ်ချ်အသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် မေ ၁၆ ရက်မှာ နော့ဝှစ်ချ်အသင်းရဲ့ အိမ်ကွင်းမှာ ကစားမယ့် ပွဲစဉ်အနိုင်ကစားနိုင်မှသာ တန်းတက်ခွင့်ရမှာဖြစ်လို့ ခြေကုန်ထုတ်ကစားရဦးမှာပါ။ အစ်ဆွစ်ဟာ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲနောက်ဆုံးကစားခဲ့ရကာ ချန်ပီယံရှစ်ကို တန်းဆင်းခဲ့ရတာဖြစ်ပြီး ဆယ်စုနှစ်တစ်စုကျော်ဝေးကွာခဲ့ရတဲ့ ပရီမီယာလိဂ်ကစားခွင့်ကို ပြန်လည်အသက်သွင်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

နော့ဝှစ်ချ်အသင်းကတော့ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ ချန်ပီယံရှစ်ကို တန်းဆင်းခဲ့ရတာပါ။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်လာဖို့ မျှော်လင့်နေတဲ့အသင်းတစ်သင်းဖြစ်တာနဲ့အညီ ပရီမီယာလိဂ်ကို တန်းတက်ဖို့ Play-Offs ကစားခဲ့ရတဲ့ အဝေးကွင်းပွဲစဉ်မှာလည်း အစ်ဆွစ်ကို တစ်ဂိုး-တစ်ဂိုးဖြင့် သရေကစားနိုင်ခဲ့တယ်။ ဒါကြောင့် မေ ၁၆ ရက်မှာ အစ်ဆွစ်ကို အနိုင်ရရှိခဲ့ပါက တစ်ရာသီသာ ချန်ပီယံရှစ်မှာ ကစားခဲ့ရပြီး ပရီမီယာလိဂ်ကို တန်းတက်လာတဲ့ အသင်းတစ်သင်းအဖြစ် ပရီမီယာလိဂ်ပရိသတ်များအလယ် ခေါင်းမော့လာလေမလားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။

# ပါကစ္စတန်တွင် ရှီးယိုက် ဘတ်စ်ကားတိုက်ခိုက်ခံရ၊ ၄၃ ဦးသေဆုံး



**ကရာချိ မေ ၁၃**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် အစ္စမေးလ်ရှီးယိုက် အစ္စလာမ်ဘာသာဝင်များအား တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးကို သေနတ်သမားများက တိုက်ခိုက်ရာ အနည်းဆုံး ၄၃ ဦးသေဆုံး၍ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

မော်တော်ဆိုင်ကယ်စီး သေနတ်သမားခြောက်ဦး ရောက်ရှိလာပြီး ဘတ်စ်ကားကို ရပ်စေကာ ခရီးသည်များကို အဆင်ခြင်မဲ့စွာ သေနတ်ဖြင့် ပစ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

"သေနတ်သမားတွေက ဘတ်စ်ကားပေါ်ကို တက်လာပြီး သူတို့ထဲက တစ်ယောက်က အကုန်လုံးကို ပစ်သတ်ကြကွာလို့ အော်လိုက်တယ်။ အဲဒီနောက် သေနတ်သမားတွေက မြင်မြင်သမျှကို ရက်ရက်စက်စက် ပစ်သတ်တော့တာပါပဲ"ဟု တိုက်ခိုက်မှုတွင် အသက်ရှင်ကျန်ရစ်ပြီး ဒဏ်ရာရသူ အမျိုးသမီးတစ်ဦးက ရုပ်သံသတင်းဌာနတစ်ခုသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံမှ ရှီးယိုက်လူနည်းစုတို့သည် ဆွန်နီစစ်သွေးကြွအုပ်စုများ၏ လူမျိုးရေးအရ တိုက်ခိုက်ခြင်းကို မကြာခဏ ခံခဲ့ကြရသည်။

ကျည်ဆံပေါက်ရာ ဗရပွနှင့် စက်သံဆူညံနေသော ဘတ်စ်ကား၏ ပုံများကို ရုပ်မြင်သံကြားလိုင်းများက ထုတ်လွှင့်ပြသခဲ့သည်။

ယင်းတိုက်ခိုက်မှုကို ပါကစ္စတန်တာလီဘန်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် ဂျန်ဒူလာစစ်သွေးကြွအဖွဲ့က ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ထုတ်ဖော်ဝန်ခံခဲ့သည်။ **ရိုက်တာ။**

# သူရဲကောင်းတစ်ဦးကဲ့သို့ ကြိုဆိုဂုဏ်ပြုခံရသည့် ပက်ကွိုင်အို၏ အိမ်အပြန်ခရီး

**မနီလာ မေ ၁၃**

ဖိလစ်ပိုင် လက်ဝှေ့ကျော် မန်နီပက်ကွိုင်အိုသည် မေ ၂ ရက်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်စ်မြို့၌ အမေရိကန်လက်ဝှေ့ချန်ပီယံ ဖလွိုက်မေဝယ်သာနှင့် ယှဉ်ပြိုင်ထိုးသတ်မှုတွင် ရှုံးနိမ့်ခဲ့သော်လည်း မေ ၁၃ ရက်က မနီလာမြို့သို့ပြန်လည်ရောက်ရှိလာရာ ဖိလစ်ပိုင်ပြည်သူများ၏ သူရဲကောင်းတစ်ဦးကဲ့သို့ ဂုဏ်ပြုကြိုဆိုခံခဲ့ရသည်။

အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့်ပက်ကွိုင်အိုကို မနီလာမြို့တော်တွင် အထူးယာဉ်တန်းဖြင့် ကြိုဆိုဂုဏ်ပြုခဲ့သကဲ့သို့ ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနို (၃) ကလည်း သမ္မတနန်းတော်သို့ ဖိတ်ခေါ်တွေ့ဆုံခဲ့သည်။

အသက်(၃၆)နှစ်ရှိ ပက်ကွိုင်အိုသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆာရန်ဂါနီပြည်နယ်၏ လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး ၎င်း၏ လောလောဆယ် အစီအစဉ်မှာ ဘယ်ဘက်ပခုံးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူကာ အနားယူရန်ဖြစ်သည်။

ဖိလစ်ပိုင်သို့ ပြန်လည်ရောက်ရှိလာသည့် ပက်ကွိုင်အိုသည် အနက်ရောင်ပခုံးသိုင်းကြိုးနှင့် လည်သိုင်းပတ်တီးကို ဝတ်ဆင်ထားရပြီး မေဝယ်သာနှင့် ထိုးသတ်မှုမပြုမီတွင် ပခုံးဒဏ်ရာရှိထားသည်ကို ကွယ်ဝှက်ထားသည့်အတွက် အမေရိကန်နိုင်ငံတွင် တရားစွဲဆိုခံထားရသည်။

**ဆင်ဟွာ။**




# အမေဇုန်အတွင်း တရားမဝင်သတ္တုတူးဖော်ခြင်း ကိုလံဘီယာအစိုးရ နှိမ်နင်း

**ဘိုဂိုတာ မေ ၁၃**

ကိုလံဘီယာနိုင်ငံတွင် အမေဇုန်သစ်တောအတွင်း တရားမဝင်ခဲတ်သတ္တုတူးဖော်နေခြင်းကို လုံခြုံရေးတပ်ဖွဲ့များက နှိမ်နင်းရာ လူ ၅၉ ဦး ကို ဖမ်းဆီးရမိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အက်ဖ်အေအာစီ သူပုန်အုပ်စုက အသုံးချလျက်ရှိသော တရားမဝင် ဘဏ္ဍာရေးကွန်ရက်ကို ဖြိုခွင်းနိုင်ခဲ့ပြီးဖြစ်သည်ဟု ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီး ဂွါန်ကာလို့စ်ပင်ဇွန်က ပြောသည်။

ဘရာဇီးနှင့် ဗင်နီဇွဲလား နယ်စပ်အနီးရှိ သတ္တုတူးဖော်ရေးလုပ်ကွက် ၆၃ ခုကို ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ယင်းလုပ်ကွက်များတွင် ရွှေ၊ တန်စတင်နှင့် ကိုဘော့သတ္တုများ တူးဖော်ကြကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုသည်။

သမိုင်းတွင်တရားမဝင် သတ္တုတူးဖော်ခြင်းအား အကြီးမားဆုံးနှိမ်နင်းမှုဖြစ်ဖွယ်ရာရှိပြီး သူပုန်တို့၏ လက်ဝယ်သို့ ဒေါ်လာ ၈သန်းခန့်ဖြင့် ညီမျှသော ပီဆိုဘီလီယံ ၂၀ မရောက်ရှိရန် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးပင်ဇွန်က ထပ်မံပြောကြားသည်။

ဒုစရိုက်ဂိုဏ်းများနှင့် သူပုန်အဖွဲ့များ လှုပ်ရှားနေသည့် ကိုလံဘီယာနိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသအချို့တွင် ပြုလုပ်ခဲ့သော ယင်းစစ်ဆင်ရေး၌ စစ်ဘက်၊ ရဲတပ်ဖွဲ့နှင့် တရားသူကြီးများ စုစုပေါင်း အင်အား ၆၀၀ ကျော်ပါဝင်ခဲ့သည်။

အဆိုပါ တရားမဝင် သတ္တုတူးဖော်ရေးစခန်းတို့သည် ဘရာဇီးနှင့် ဗင်နီဇွဲလားအနီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး နယ်မြေများနှင့် တိုင်းရင်းသားတို့၏ သီးသန့်နယ်မြေများတွင်ရှိသည်။

ဖမ်းဆီးရမိသူများတွင် သူပုန် ၁၂ ဦး၊ ဘရာဇီးနိုင်ငံသား လေးဦးနှင့် ဗင်နီဇွဲလားနိုင်ငံက တစ်ဦးတို့ ပါဝင်သည်။

အက်ဖ်အေအာစီသူပုန်များသည် မူးယစ်ဆေးဝါးမှ အကျိုးအမြတ်များ လျော့ရဲလာခြင်းကို ခဲတ်သတ္တုတူးဖော်ခြင်းမှ ရရှိသော ဝင်ငွေဖြင့် ဖြည့်ဆီးခြင်းဖြစ်သည်ဟု ယုံကြည်ရကြောင်း ကိုလံဘီယာသမ္မတ ဂွါန်မာနျူရဲလ်ဆန်းတို့(စ်)က ပြောကြားသည်။ **ရိုက်တာ။**

# မျောက်များ တရားမဝင်ရောင်းဝယ်မှုဖြင့် တရုတ်နိုင်ငံသားနှစ်ဦး ထောင် (၁၀)နှစ်ကျ

**ရှီအန်း မေ ၁၃**

မျိုးသုဉ်း ပျောက်ကွယ်လုနီးပါး ဖြစ်သည့် မျောက်များကို တရားမဝင် ရောင်းဝယ်မှုပြုသော တရုတ်နိုင်ငံသားနှစ်ဦးအား ရှန်ဇီးပြည်နယ် တရားရုံးက ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါအမြီးတိုမျောက် ရာပေါင်းများစွာကို တရားမဝင် ရောင်းဝယ်သည့်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်သည့် ဇူရှိကူနှင့် ဘီတာအိုတို့ကို ၂၀၁၄ ခုနှစ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဇူရှိကူသည် ၂၀၀၀ ခုနှစ် မတ်လမှ ၂၀၀၂ ခုနှစ် ဇွန်လအတွင်း အဆိုပါ မျောက်ကောင်ရေ ၄၀၀ နီးပါးကို ရောင်းဝယ်ခဲ့ပြီး ဘီတာအိုသည် ၂၀၀၁ ခုနှစ် ဇွန်လမှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအတွင်း ၁၂၀၀ ကျော် ရောင်းဝယ်မှုပြုလုပ်ခဲ့သည်ဟု တရားရုံးက ဆိုသည်။

၎င်းတို့က အဆိုပါမျောက်များကို ရှန်ဟိုင်း၊ ပေကျင်း၊ ဆူကျိုးနှင့် ကွိုင်ကျိုးမြို့ အပါအဝင် မြို့ကြီးများရှိ တိရစ္ဆာန်များအား စမ်းသပ်သည့် ဆေးရုံများ၊ ဆေးပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများထံ ရောင်းချခဲ့ကြောင်း တရားရုံးက ပြောသည်။ မျောက်တစ်ကောင်လျှင် ယွမ် ၂၀၀၀ ကျော် (အမေရိကန်ဒေါ်လာ ၃၂၃ ခန့်) ရရှိကြောင်း သိရသည်။

အမြီးတိုမျောက်များသည် တရုတ်နိုင်ငံတွင် ကာကွယ်ခွင့်ဥပဒေအရ အဆင့် (၂) သတ်မှတ်ထားသော မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်သည့် တိရစ္ဆာန်အမျိုးအစားတွင် ပါဝင်သည်။

**ဆင်ဟွာ။**

# အီရတ်နိုင်ငံ ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံကို လုံးဝထိန်းချုပ်နိုင်ရေး စစ်သွေးကြွတို့ တိုက်ခိုက်နေ

**ဘဂ္ဂဒက် မေ ၁၃**

အီရတ်နိုင်ငံ ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံကို လုံးဝထိန်းချုပ်နိုင်ရေးအတွက် အိုင်အက်စ် စစ်သွေးကြွများက တိုက်ခိုက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၏ အကြီးဆုံးသော ရေနံချက်စက်ရုံဖြစ်သည့် ဘေဂျီ ရေနံချက်စက်ရုံကို ထိန်းချုပ်နိုင်ရန် စစ်သွေးကြွတို့က လွန်ခဲ့သည့်လမှစ၍ အပြင်းထန်ဆုံး တိုက်ခိုက်ခဲ့ကြောင်း၊ ယခုအခါ ယင်းစက်ရုံ၏ နယ်မြေအချို့ကို စစ်သွေးကြွတို့က သိမ်းပိုက်ထားပြီး စက်ရုံနယ်မြေအတွင်း၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀ ခန့် ပိတ်မိနေကြောင်း သတင်းတွင် ဖော်ပြသည်။

ညွန့်ပေါင်းတပ်ဖွဲ့မှ စစ်လေယာဉ်များ၏ အထောက်အကူပေးမှုဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များက ဘေဂျီရေနံချက်စက်ရုံ မကျရေးအတွက် စစ်သွေးကြွများကို ပြန်လည်တိုက်ထုတ်လျက်ရှိသည်။



ဘေဂျီရေနံချက်စက်ရုံ၏ ဟိုက်ဒြိုဂျင်နှင့်သဘာဝဓာတ်ငွေ့ လှောင်ကန်များအနီး၌ စစ်သွေးကြွများက ကတုတ်ကျင်းများတူးနေကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့မှ လေကြောင်းတိုက်ခိုက်မှု အကြိမ်ပေါင်း ၃၀၀ ကျော် ပြုလုပ်ခဲ့သော်လည်း စစ်သွေးကြွများ အင်အားချိနဲ့သွားခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# နွားစာစဉ်းစက်တည်ထောင်သူများ နွားစာကြိုတင်စုဆောင်းသူများကြောင့်အလုပ်ဖြစ်



**ရေစကြို မေ ၁၃**

ယခုရက်ပိုင်းများတွင် ရေစကြိုမြို့နယ်၌ နွားစာကြိုတင်စုဆောင်းသူများကြောင့် နွားစာစဉ်းစက်ထောင်သူများမှာ အလုပ်ဖြစ်နေကြောင်း သိရသည်။

တောင်သူများမှာ ကျွဲ၊ နွားများ ကောင်းမွန်စွာ စားသုံးနိုင်ရန် ယခုလိုစဉ်းစက်ကို ငှား၍ စဉ်းကာ သိုလှောင်ထားကြရပြီး စက်ထောင်သူများနှင့် တောင်သူများမှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် အကျိုးပြုကြောင်း သိရသည်။

အစာပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းနေသူ တောင်သူတစ်ဦးဖြစ်သူ ဦးဘိုက "ကျွန်တော့်စိုက်ခင်းတွေက ထွက်တဲ့မြေပဲ၊ ပဲကြီး၊ ပဲတီစိမ်း၊ ပြောင်းတွေကိုစဉ်းစက်ငှားပြီး စဉ်းပါတယ်။ စဉ်းစက်က တစ်နာရီကို ကျပ် ၅၀၀၀ ပေးရပါတယ်။ မြေပဲတစ်ဧကစိုက်ဆိုရင် တစ်နာရီကြာစဉ်းရတယ်။ အခုဆိုတစ်နာရီအတွင်း မြန်မြန်ပြီးအောင် ပဲပင်သယ်၊ စက်ထဲထည့်၊ ထွက်လာတဲ့စဉ်းပြီးသားကိုကျုံးသူကကျုံးပေါ့။ အခုလိုစက်နဲ့စဉ်းတော့မြန်မြန်ပြီးတယ်။ အချိန်မကုန်ဘူး။ ပြီးတော့နွားနဲ့နယ်သလို ခဲတွေမပါတော့ နွားတွေသန့်သန့်ရှင်းရှင်း ကောင်းကောင်းမွန်မွန်စားရတယ်" ဟု ပြောပြသည်။

အဆိုပါ ဝိုင်းဝန်းသယ်ယူပေးသူတစ်ညနေစာ အမျိုးသားသုံးဦးကို ငှားရမ်းရပြီး တစ်ဦးလျှင် ငှားရမ်းခ ကျပ် ၁၅၀၀၊ အမျိုးသမီးသုံးဦးတွင်လည်း တစ်ဦးလျှင်ကျပ် ၁၂၅၀ ငှားပြီးလုပ်ဆောင်ရကြောင်း သိရသည်။

စက်ပိုင်ရှင်တစ်ဦးက "ကျွန်တော်စက်ထောင်တာလေးငါးနှစ်တော့ရှိပြီ။ အခုလိုသီးနှံပေါ်ချိန်ရောက်ရင် လက်မလည်အောင်လိုက်ရတယ်။ ဒီစဉ်းစက်က မြေပဲပင်တစ်မျိုးထဲစဉ်းတာမဟုတ်ပါဘူး။ ပြောင်းပင်၊ ပဲပင်အမျိုးမျိုး အားလုံးစဉ်းလို့ရပါတယ်။ စက်ခကတော့ တစ်နာရီ ကျပ်၅၀၀၀ ယူပါတယ်၊ စက်မောင်းဆီကတော့ ကိုယ်ကထည့်ရတာပေါ့။ ဒီဇယ်ဆီတစ်လီတာကျပ် ၁၀၀၀ ပေးရတယ်။ တစ်လီတာဆိုရင် တစ်နာရီမောင်းရတယ်။ ကိုယ်တွက်ကျပ် ၄၀၀၀ ကျန်တာပေါ့၊ စက်ချို့ယွင်းတဲ့ကုန်ကျစရိတ်လည်းရှိပါတယ်" ဟု ပြောပြသည်။

ကျေးလက်ဒေသနေ တောင်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ယင်းစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ရာ၌ ခေတ်မီစက်မှုလယ်ယာစနစ်ဆီ ကူးပြောင်းဆဲကာလတွင် တောင်သူအားလုံး လိုက်ပါပြောင်းလဲနိုင်ခြင်း မရှိသေးသည့်အတွက် အများစုသောတောင်သူများမှာ မြေယာထွန်ယက်ပြုပြင်ရာတွင် ကျွဲနှင့်နွားများကို အသုံးပြုနေဆဲပင်ဖြစ်သည်။

ယင်းသို့ ကျွဲနှင့်နွားများကို အသုံးပြုနေကြရဆဲဖြစ်၍ ကျွဲစာ၊ နွားစာသည်လည်း အရေးကြီးခြင်းကြောင့် တစ်နှစ်ပတ်လုံးကျွေးမွေးနိုင်ရန် ကြိုတင်စုဆောင်းထားကြရသည်။

**ဖေထွေးဇော်(ရေစကြို)**

# အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ လှိုင်ကော်၌ကျင်းပ

**လှိုင်ကော် မေ ၁၃**

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း ကယားပြည်နယ် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုရယ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း(ဗဟို)ဥက္ကဋ္ဌကပေးပို့သောသဝဏ်လွှာအား ပြည်နယ်သူနာပြုနှင့် သားဖွားအသင်း၊ အတွင်းရေးမှူး ဒေါ်အေးအေးစန်းကဖတ်ကြားပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ်ကဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ယင်းပြင် သက်ကြီးသူနာပြုများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး သက်ကြီးသူနာပြုများက ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

**လှိုင်ကော်ခရိုင်(ပြန်/ဆက်)**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် မေ ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက ညောင်ပင်ကြီးစုကျေးရွာလမ်းထိပ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းလမ်းဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာအဝင်လမ်းသည် မိုးတွင်းအခါတွင် သွားလာရန်ခက်ခဲသည့်အတွက် ရွာအဝင်ပတ်လမ်း ပေ ၅၂၀၀၊ အကျယ် ၁၈ ပေနှင့် ရွာတွင်းလမ်းပေ ၇၃၀၀၊ အကျယ် ၁၂ ပေ ရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကတ္တရာလမ်းသစ်ဖောက်လုပ်ပေးခြင်းအတွက် ကျေးလက်နေပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


## MIC Youth Education Fair 2015

### တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ ကျောင်းသားလူငယ်များအတွက်
### နိုင်ငံတကာပညာရေးအခွင့်အလမ်းများဆွေးနွေးပွဲ



တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်သင့်သောပညာရေး ပြင်ဆင်မှုများနှင့် နိုင်ငံတကာ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကို မေလ ၁၇ ရက်နေ့တွင် Myanmar Imperial College (MIC) မှ ကြီးမှူး ကျင်းပမည် ဖြစ်ပါသည်။

ပြည်ပတွင်တက်ရောက်နိုင်သော Singapore နှင့် UK မှပေးအပ်သည့် Bachelor နှင့် MBA Programme များ၊ Singapore Education ဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကိုဆွေးနွေးဟောပြောမည်ဖြစ်ပြီး UK တွင် တက်ရောက်သင်ကြားနိုင်သော တက္ကသိုလ်များ၊ဘာသာရပ်များအကြောင်းကိုလည်း ရှင်းပြမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း MIC မှ နိုင်ငံတကာ အသိအမှတ်ပြု UK မှ ပေးအပ်သော Bachelor များနှင့် MBA Programme များ အကြောင်းကိုလည်း ဆွေးနွေးမည် ဖြစ်ပါသည်။ ထို ဆွေးနွေးပွဲကို မေလ (၁၇) ရက်နေ့၊ Sule Shangri-La Hotel (Bago Room) တွင် နေ့လည် ၂ နာရီမှ ၄ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိရန် 01 537 562 နှင့် 09 732 10001 ဖုန်းနံပါတ်များကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

CHAW CHAW SILK & LUXURY FASHION
SUMMER SALES PROMOTION
'ချောချော' ငွေရာသီအရောင်းမြှင့်အစီအစဉ်

- ★ မြန်မာ့ရိုးရာ လွန်းရာကျော်အချိတ် — Myanmar Traditional Handmade 'Acheik' ★
- ★ ဥရောပနှင့်အာရှ အဆင့်မြင့်ဇာမျိုးစုံ — European and Asian Laces ★
- ★ ထိုင်းပိုးမျိုးစုံနှင့် ဝင်းမယ်မျိုးစုံ — Various Thai Silk ★
- ★ ဂျပန်ပိုးမျိုးစုံ — Various Japanese Silk ★
- ★ မြန်မာပိုး၊ ပိုးလုံ၊ ချည်ထည်မျိုးစုံ — Various Myanmar Silk, Silk Cotton and Cotton ★

Date : 15th to 17th May 2015 (Friday to Sunday)
Time : 9:00 am to 6:30 pm
Address : 241, Dhammazedi Road, Bahan Township, Yangon

UP TO 60% DISCOUNT

Ph : +951 542997, +951 701393, +951 559124, +959 5015946


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဥတ္တရသီရိမြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

ဦးတင်မျိုးဦး နှင့် ဦးချစ်မောင်
တရားလို တရားပြိုင်

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့၊ လားရှိုး(၁)လမ်းနေ ဦးချစ်မောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဦးတင်မျိုးဦးက သင့်အပေါ် လိမ်လည်၍ မမှန်မကန်ရယူထားသော တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဇွန်လ ၅ရက်၊ (၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ မေလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး၊ ဥတ္တရသီရိမြို့နယ်တရားရုံး

ဖတ်စရာ

# ဂုဏ်ယူစရာ အိုးလုပ်သည့်ရွာ ပန်းစွာ

**ခ ဖေထွက်းဇော်(ရေစကြို)**

မြေဖြင့်ပြုလုပ်သော အိုးအမျိုးမျိုးမှာ မြန်မာ့ရိုးရာ လက်မှုပညာရပ်တစ်ခုဖြစ်ပါသည်။ အဆိုပါ မြေထည်ပစ္စည်းအမျိုးမျိုးကို ရှေးမြန်မာကြီးများလက်ထက် လွန်ခဲ့သောနှစ် ရာထောင်ချီကာလထဲက ပြုလုပ်သုံးစွဲခဲ့ကြသည်။

မျက်မှောက်ကာလသည် နည်းပညာအမျိုးမျိုးဖြင့် စက်မှုထွန်းကားသောကာလဖြစ်သည်နှင့်အညီ လူတို့၏အသုံးအဆောင်အမျိုးမျိုးကို စက်မှုပစ္စည်းအမျိုးမျိုးဖြင့် အစားထိုးသုံးစွဲနေကြသော်လည်း မြေဖြင့်ပြုလုပ်သော မြန်မာ့ရိုးရာအိုးအမျိုးမျိုးက ပျောက်ကွယ်၍မသွားဆင့်ကဲဆင့်ကဲသုံးစွဲထိန်းသိမ်းထားဆဲပင်။

ယခုအခါ အဆိုပါမြေထည်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတွင် တီထွင်မှုအမျိုးမျိုး၊ ဆန်းသစ်မှုအဖုံဖုံတို့ဖြင့် ပြုလုပ်သုံးစွဲကြလျက်ရှိကြသည်။

ထိုအထဲတွင် မြန်မာပြည်အလယ်ပိုင်းအညာဒေသ မြိုင်မြို့နယ်ထဲက ပန်းစွာရွာလည်း ပါဝင်ပါသည်။ ပန်းစွာရွာသည် မြိုင်မြို့နှင့် ၂၀ မိုင်ခန့်ကွာဝေးပြီး အိမ်ခြေ ၅၀၀ ကျော်၊ လူဦးရေ ၂၀၀၀ ခန့် နေထိုင်ကြပြီး အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုလာခဲ့ကြသည်မှာ နှစ် ၁၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဒေသခံများကပြောပြ၍သိခဲ့ရသည်။

ပူပြင်းသောအညာဒေသ၏ သဘာဝအရခြောက်ခမ်းလှပြီး အညာဒေသပြယုတ်၊ အညာသင်္ကေတဖြစ်သော ထန်းရိပ်ညိုညိုကြားက ပန်းစွာရွာကလေး၏ လူဦးရေထက်ဝက်ကျော်က အိုးလုပ်ငန်းကိုလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းမှုပြုခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုး၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ပန်းစွာရွာမှထုတ်လုပ်သောအိုးသည် အခြားရွာ၊ အခြားဒေသမှထုတ်လုပ်သောအိုးနှင့် ပုံစံကွဲပြားခြားနားသည်ကိုလည်း သတိပြုလေ့လာခဲ့ရသည်။ ပန်းစွာရွာလုပ် သောက်ရေအိုး၏ ပုံသဏ္ဌာန်မှာ လည်တိုသော်လည်း အိုးနှုတ်ခမ်းမှာ လန်၍ရှည်သည်။ အိုး၏အရောင်မှာ အခြားဒေသထွက်အိုးထက် အနီရောင်ဘက်ပါသည်။ ပြုလုပ်သည့်အိုးအမျိုးအစားများမှာ သောက်ရေအိုး (တယ်အိုး=အိုးကြီး)သောက်ရေအိုးအလတ်၊ အသေး၊ ပရိတ်အိုး၊ ထမင်းချက်အိုးအမျိုးမျိုး၊ ဟင်းချက်အိုးအမျိုးမျိုး၊ မြူအိုးတို့ကို မိုးရွာရက်မှအပ တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြကြောင်း လေ့လာသိရှိရသည်။

အိုးအမျိုးအစားအလိုက် သတ်မှတ်ဈေးနှုန်းများမှာ တယ်အိုးတစ်လုံးကျပ် ၈၀၀၊ သောက်ရေအိုးအလတ်တစ်လုံးကျပ် ၅၀၀၊ ပရိတ်အိုးကျပ် ၃၀၀၊ ဟင်းချက်အိုး၊ ထမင်းအိုးအကြီး၊ အသေးအလိုက် ၄၀၀၊ ၃၀၀၊ ၂၀၀ နှင့် မြူအိုးတစ်လုံးကျပ် ၁၅၀ ဖြစ်သည်။

အဆိုပါဈေးနှုန်းများမှာ နေရာတွင်ဖောက်သည်ပေးချေနှုန်းများဖြစ်သည်။ ဒေသအနီးအနားတစ်ဝိုက်၊ ရာသီအလိုက် ဘုရားပွဲဈေးများသို့ သွားရောက်ရောင်းချသည့်အခါ ဒယ်အိုးကြီးတစ်လုံး ၁၅၀၀၊ သောက်ရေအိုး ကျပ် ၁၀၀၀၊ ထမင်းအိုး၊ ဟင်းအိုးတစ်လုံးကျပ် ၈၀၀၊ ၆၀၀၊ ၄၀၀၊ မြူအိုးတစ်လုံးကျပ် ၂၀၀၊ ၂၅၀ ဖြင့် ရောင်းချရကြောင်း ဒေသခံများကပြောပြသည်။



ပန်းစွာရွာလုပ် အိုးအမျိုးမျိုးကို မုံရွာ၊ ဂန့်ဂေါ၊ ဆော၊ ယောဇဂျီနယ်တစ်ဝိုက် လူကြိုက်များလျက် အမြဲတန်းအော်ဒါရှိကြောင်းလည်း သိခဲ့ရသည်။

အိုးအမျိုးမျိုးပြုလုပ်ရာတွင် မြိုင်မြို့နယ်တောမကျေးရွာ၊ ကိုင်းလည်ကျေးရွာများမှ မြေပြာ (သဲဆန်သောမြေစေး) ကို နွားလှည်းတစ်စီးစာ ၅၀၀ ပေး၍ဝယ်ယူရပြီး ပန်းစွာရွာမှ မြေနီနှင့် ရောစပ်လုပ်ကိုင်ရကြောင်း၊ ပထမအဆင့်မှာ ဝယ်ယူထားသောမြေကို ခြေနင်းမောင်းဆုံတွင် မှုန့်အောင်ထောင်း ဆန်ခါချ၍ ထိုမြေတစ်ဆ၊ ရွာမြေနှစ်ဆရော၍ ရွှံ့နယ်၊ ရွှံ့နင်း၊ မြေနှပ်ရကြောင်း၊ နှပ်ပြီးမြေဖြင့် စက်ခုံတွင် အိုးအကြမ်းထည်လုပ်၊ တစ်ရက်ခန့်အဝတ် (သို့) အုပ်စရာတစ်ခုခုဖြင့် လေစိမ်းမမိအောင် အုပ်ထားရကြောင်း၊ ၎င်းနောက် လက်ခုတုံးနှင့် လက်ရိုက်တုတ်အသုံးပြု၍ နာနာရိုက်ပြီး အိုးစိမ်းကိုသုံးနေလောက် နေပူလှမ်းရကြောင်း၊ နေပူလှမ်းပြီးအိုးများကို မြေနီရောင်ရင့်ရင့်ဆေးသုတ်၊ တစ်နေ့လှမ်း၍ မီးဖုတ်ရကြောင်း၊ အိုးတစ်လုံးဖြစ်ဖို့ရန် လုပ်ငန်းအဆင့်ဆင့်လုပ်ကိုင်ရ၍ လက်ဝင်ကြောင်း၊ ထိုသို့လုပ်ငန်းအဆင့်ဆင့်လုပ်ပြီး ထွက်ရှိလာသော ကုန်ချောပစ္စည်းများမှာလည်း တန်ဖိုးအားဖြင့် မြီးမြီးမြက်မြက်မရသော်လည်း မိမွေ၊ ဖမွေဆိုသလို မိရိုးဖလာလုပ်ငန်းလည်းဖြစ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည့်အပြင် မြန်မာ့ရိုးရာလက်မှုပညာ မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းသောအားဖြင့် လက်ဆင့်ကမ်းအမွေခံယူလုပ်ဆောင်နေကြသလို မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းအမွေပေးလျက်ရှိကြောင်း၊ ဒေသခံများ၏ စံနမူနာယူစရာ၊ မြင့်မြတ်သည့်ခံယူချက်ကို လေးစားတန်ဖိုးထားသောအားဖြင့် ပန်းစွာရွာလုပ်အိုးအကြောင်းကို မှတ်တမ်းပြုသောအားဖြင့် ဂုဏ်ပြုရေးသားအပ်ပါသည်။

## လက်ရွေးစင် သက်ကြီးဘောလုံးအားကစားသမားဟောင်းကြီးများအား ပူဇော်ကန်တော့

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ပဲခူးမြို့မှ အသက် (၇၀) နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင် တိုင်း၊ ခရိုင်လက်ရွေးစင်အားကစားသမားဟောင်းကြီးရှစ်ဦးအား ပထမအကြိမ်ပူဇော်ကန်တော့ခြင်းအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပဲခူးခရိုင်အားကာဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် အားကာဝန်ထမ်းများ၊ ကန်တော့ခံအားကစားသမားဟောင်းကြီးများ၊ သက်ကြီးဘောလုံးသမားကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုဥက္ကဋ္ဌ ဦးစစ်နောင်နှင့် ပဲခူးမြို့မှ အားကစားသမားဟောင်းများ တက်ရောက်ကြသည်။

ယင်းနောက် ကန်တော့ခံအားကစားသမားဟောင်း အဘိုးညဏ်မြင့်က ဩဝါဒစကားပြောကြားရာ မိမိတို့ကစားစဉ်အခါက ပဲခူးမြို့ မိုးလုံလေလုံအားကစားကွင်းသည် တိုင်းဂုဏ်ဆောင်အားကစားကွင်းဖြစ်သောကြောင့် ကွင်းအလွန်ကောင်းမွန်ကြောင်း၊ ယင်းအားကစားကွင်းမှ မြန်မာ့လက်ရွေးစင်များ ပေါ်ထွက်ခဲ့ကြောင်း၊ ယခု ထိုအားကစားကွင်းသည် ပျက်စီးနေသဖြင့် အလွန်ပင်စိတ်မကောင်းဖြစ်မိကြောင်း၊ မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်အားကစားသမားများက သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ အားကစားကွင်းကြီး ပိုမို၍အမြန်ဆုံးကောင်းမွန်လာအောင် ဆောင်ရွက်ကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

UNIQUE STAR TRAVELS & TOURS
UNIQUE TRAVELS & TOURS CO.,LTD.
ဗန်ကောက်၊ပတ္တရား: (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] May : 16, 30 / Jun: 13, 27 ($ 300)
ဗန်ကောက်၊ဖူးခက် (6)D May: 16, 30/Jun: 13,27 ($ 500) / ဖူးခက် (4)D May: 16, 30 ($ 400)
ဗန်ကောက်၊ချင်းမိုင် (6)D May: 16, 30 / Jun: 13,27 ($ 500) / ချင်းမိုင် (4)D May: 16, 30 ($ 300)
ဗန်ကောက်၊ဖူးခက်၊ချင်းမိုင် (8)D [ Phi Phi/James Bond Island, Fantasy Show ] May: 30/Jun: 27 ($ 800)
ကွာလာလမ်ပူ၊သလီလိကျွန်း၊ရှန်ဂရီလာ (6)D May: 16, 30 / Jun: 13, 27 / Jul: 11, 25 ($ 500)
(70/A), Kabaaye Pagoda Rd.Ph:860 4964 -65 -66, 708 353, 705 723, 09 7310 9133-44-55-66

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်




သိုးရာသီ ဝမ္မဒါန
ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀ဝိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀ဝိ
မော်လမြိုင်-ကျိုက်မီ-စက်စဲ-နွားလပို့-၂၅၀၀ဝိ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀ဝိ
May 15,22,29 ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797

MEGA TWO STAR Travels & Tours
ရန်ကုန်- ဗန်ကောက်-ပတ္တရား
(3Nights / 4Days) 350 USD
May 27, June --
Hotel-★★★ Meals - Restaurants, Tour Guide
(01) 8603651 , (09) 5141446, 5032762

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ဆုံသစ္စာ
ခရီးနီ/ဝေးလချုပ်ကားမျိုးစုံနှင့် ဘုရားဖူးစီးလုံးငှား ယာဉ်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph: 0973174066
095504667

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ငှားမည်
ကမာရွတ်၊ လှည်းတန်းမီးပွိုင့်အနီး၊ အင်းစိန်လမ်းမ၊ 16'x57' မြေညီတိုက်ခန်း။
Ph: 09-73220635

ATTOLLO အက်တို(လ်)လို အဆင်မြင့်ခရီးသွားကုမ္ပဏီ
သံတောင်ကြီး-ပိုးကျားဆင်စခန်း (နေ့ချင်းပြန်) MAY 16 / MAY 30
ဘားအံ-ဇွဲကပင်-ဆာဒ္ဒန်ဂူ (နေ့ချင်းပြန်) MAY 16 / MAY 30
ငပလီကမ်းခြေ (၂ည ၃ရက်) MAY 22 - 24
ငွေဆောင်ကမ်းခြေ (၂ည ၃ရက်) MAY 22 - 24
ပုဂံ-ပုပ္ပါး (၃ည ၄ရက်) JULY 30 - AUG 2
01-389187, 09-32109138, 09795418474

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၉

| | | |
|---|---|---|
| ၁။ ဦးဝင်းအောင် | နှင့် | ၁။ ဒေါ်သိန်းနု |
| ၂။ ဒေါ်တင်တင်အောင် | | ၂။ ဒေါ်ကြည်ကြည်မြင့် |
| | | ၃။ မောင်ဇော်လင်းထွန်း<br>အမှတ်(ခ/၃)ဗိုလ်ချုပ်လမ်း၊<br>ဈေးသစ်ရပ်ကွက်၊ တွံတေးမြို့။ |
| တရားလိုများ | | တရားပြိုင်များ |

အထက်ဖော်ပြပါ တရားပြိုင်များ(ယခင်-အမှတ်-ခ/၃၊ ဗိုလ်ချုပ်လမ်း၊ ဈေးသစ်ရပ်ကွက်၊ တွံတေးမြို့နယ်) (ယခုနေရပ်လိပ်စာမသိ) သူတို့အား သိစေအပ်ပါသည်။

သင်တို့အပေါ်၌ တရားလိုများက အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ မေလ ၁၁ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နိုင်နိုင်မော်
ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

# zEdpzNrQkwfvyfvrf;ulmif; (Global Supply Chain) oYdkNf&muf&;

**a'gufwmarmif;atmif**

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

ထို့အတူ ဝန်ဆောင်မှု (service) ပေးသည့် ပြည်တွင်းလုပ်ငန်းများအနေဖြင့်လည်း ယခုထက်အရည်အသွေးမီသည့် ဝန်ဆောင်မှု(quality service) ဖြစ်စေရန် အလေးထားရမည်ဖြစ်သည်။ စီးပွားရေးပွင့်လင်းလာမှုကြောင့် ကဏ္ဍတိုင်း၏ဝန်ဆောင်မှုလုပ်ငန်းများ ကြီးထွားလာနေပြီဖြစ်သော်လည်း ပေးသည့်ဝန်ဆောင်မှုနှင့် ပတ်သက်၍ နိုင်ငံတကာအဆင့်မီရန်ကြိုးစားရဦးမည်ဖြစ်သည်။ ယခုနှစ်များအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာခဲ့သော်လည်း ဟိုတယ်များ၏ facilities နှင့် ဝန်ဆောင်မှုအားနည်းခြင်း၊ ဈေးနှုန်းကြီးမြင့်မှုများရှိနေသလို ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုအားနည်းနေဆဲဖြစ်ကြောင်း ကြားနေရဆဲဖြစ်သည်။ နိုင်ငံခြားသားများအတွက် သတင်းအချက်အလက်စင်တာများနှင့် အပန်းဖြေစရာစင်တာများလည်း လိုအပ်နေဆဲပင်ဖြစ်သည်။ ယခုအခါ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအနေဖြင့်လည်း လမ်းများပိုမိုခဲ့ထွင်လာမှုနှင့် ကောင်းလာမှုတို့ကြောင့် တိုးတက်လာခဲ့သော်လည်း သယ်ယူမှုစရိတ်များကြီးမြင့်နေမှုကြောင့် ဈေးနှုန်းကြီးမြင့်မှုနှင့် ပို့ကုန်များဈေးနှုန်းအရ ပြည်ပယှဉ်ပြိုင်နိုင်မှုစွမ်းအား အားနည်းနေဆဲပင်ဖြစ်သည်။ ဘဏ္ဍာရေးနှင့် အာမခံဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ ပိုမိုထွန်းကားလာပြီဖြစ်သော်လည်း ပေးသည့်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မြင်သာထင်သာရှိမှု၊ အာမခံမှုနှင့် တာဝန်ယူမှု၊ ဘေးကင်းလုံခြုံစိတ်ချရမှု၊ အရည်အသွေးပိုင်းဆိုင်ရာ စံချိန်မီမှုစသည်တို့ ယခုထက်ပိုမိုမြင့်တင်ရဦးမည်ဖြစ်သည်။ စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးသည်များအပါအဝင် မိမိရောင်းချသော စားသောက်ကုန်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်မှု အလေးထားရမည်ဖြစ်သလို ယင်နှင့်ဖုံများမဝင်စေရန် လုံခြုံစွာဖုံးအုပ်ထားရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံခြားသားများ စားသုံးနိုင်ရေးအတွက် အချိုမှုန့်၊ စားအုန်းဆီ၊ ဆိုးဆေးပါဝင်သည့် စားသောက်ကုန်များလုံးဝရှောင်ရမည်ဖြစ်သလို ထုပ်ပိုးပြင်ဆင်မှုဆွဲဆောင်မှုရှိစေရေးနှင့် အစားအသောက်များကို လက်ဖြင့်ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။ စားသောက်ဆိုင်များ အထူးသတိပြုရမည့်အချက်မှာ ပန်းကန်ဆေးသည့်နေရာနှင့် သန့်စင်ခန်းသန့်ရှင်းရေးနှင့် သုံးစွဲရမည့် စားသောက်ကုန်များ အစဉ်လတ်ဆတ်စေရန် အသားအမျိုးမျိုးနှင့် သီးနှံများအလိုက် သတ်မှတ်ထားသည့် အအေးခန်းဒီဂရီကို တိတိကျကျလိုက်နာရန်လိုပေသည်။ AEC ပေါ်ပေါက်လာပြီးနောက် နိုင်ငံခြားသားများဝင်ရောက်မှု ယခုထက်အဆများစွာ တိုးပွားလာတော့မည်ဖြစ်၍ ဝန်ဆောင်မှုလုပ်ငန်းတိုင်း ယခုကတည်းက စတင်ပြင်ဆင်ရတော့မည်ဖြစ်သည်။

> လမ်းများပိုမို ခဲ့ထွင်လာမှုနှင့် ကောင်းလာမှုတို့ကြောင့် တိုးတက်လာခဲ့သော်လည်း သယ်ယူမှု စရိတ်များကြီးမြင့်နေမှုကြောင့် . . .

ဝန်ဆောင်မှုများအနက် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများသည် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများအတွက် အထူးအရေးပါသလို ပြည်ပကူးသန်းရောင်းဝယ်ရေး တစ်နည်းအားဖြင့် ကုန်သွယ်မှုလုပ်ငန်းသည် ထုတ်လုပ်မှုလမ်းကြောင်း (supply chains) နှင့် တန်ဖိုးမြှင့်လမ်းကြောင်း (value chains) တွင် အရေးပါဆုံးဖြစ်သည့်အပြင် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစေ့ဆော်နေသလို မောင်းနှင်နေမှုကြောင့် ကုန်သွယ်မှုသည် တိုးတက်မှုအင်ဂျင် (trade is engine of growth) ဟု ဆိုရိုးစကားဖြစ်လာရသည်။ ကုန်သွယ်မှုကို လုပ်ဆောင်နေသည့် ကုန်သည်များ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်၊ စီးပွားရေးကျင့်ဝတ်လိုက်နာမှု၊ ရောင်းဝယ်မှုပြုနေသည့်စနစ်၊ တင်ပို့သည့်ပုံစံနှင့် ဈေးကွက်ရရှိမှုအခြေအနေ စသည်တို့ကြည့်မည်ဆိုလျှင်လည်း အားနည်းချက်များ ရှိနေဆဲပင်ဖြစ်သည်။ ကုန်သည်တစ်ဦးချင်း ရောင်းချနေမှုကြောင့် ယနေ့အထိ ဝယ်သူစိတ်ကြိုက်နိုင်သည့် "ဝယ်သူဈေးကွက် (buyer market)" ပင် အများစုဖြစ်နေဆဲပင်ဖြစ်သည်။ ထို့အတွက် အရည်အသွေးမြှင့်တင်ရေး၊ ဈေးကွက်သစ်များသို့ ပိုမိုဝင်ရောက်နိုင်ရေး၊ ရောင်းချသည့် ပမာဏကြီးကြီးမားမားနှင့် ရေရှည်ရောင်းချနိုင်သည့် ဈေးကွက်ကောင်းရရှိမှု အားနည်းနေသလို ကုန်သည်တစ်ဦးချင်း မမှန်မကန်လုပ်မှုများကြောင့် နိုင်ငံဂုဏ်သိက္ခာ (image) ညှိုးနွမ်းစေသည့် ဖြစ်ရပ်များ ကြုံတွေ့နေရဆဲဖြစ်သည်။ အထူးသဖြင့် အများဆုံးလယ်ယာထွက်ကုန် ပို့ကုန်ဖြစ်သည့် ပဲမျိုးစုံပို့ကုန်ဆိုလျှင် မမှန်ကန်သည့် ရောင်းဝယ်မှုစနစ်ကြောင့် မကြာမကြာပြဿနာ ကြုံတွေ့ခဲ့ရသည်။ ၂၀၀၈ ခုနှစ် ပဲကုန်သည်(၈)ဦး၏ ကုန်စည်မပါဘဲ "လေရောင်းလေဝယ်" ကြောင့် ပဲလောကမှ ပြည်တွင်းကုန်သည်နှင့် ပြည်ပဝယ်ယူသူများအပါအဝင် ဒေါ်လာသန်း ၂၀၀ ဝန်းကျင် ဆုံးရှုံးမှုဖြစ်ပေါ်ပြီးသည့်နောက်ပိုင်း "လေရောင်းလေဝယ်" ရောင်းချမှုတင်းကျပ်စွာ တားမြစ်ထားသော်လည်း အမြတ်ရရှိလိုမှုရည်ရွယ်ချက် (speculative motive)ကြောင့် "ကြိုရောင်း ကြိုဝယ်"များ ရှိနေဆဲဖြစ်ပြီး တစ်ခါတစ်ရံတွင် ကုန်စည်မပါဘဲ ကုန်ထုတ်ညွှန်ကြားလွှာ D.O (delivery order) ကိုအဆင့်ဆင့် တစ်လက်မှတစ်လက်ရောင်းချမှုကြောင့် ပြည်တွင်း ပဲဈေးနှုန်းများ ပြည်ပ FOB ဈေးနှုန်းများထက်မြင့်မားနေမှုကြောင့် မတင်ပို့နိုင်သည့်အဖြစ်များလည်းရှိခဲ့သည်။

ယခုနှစ်ပိုင်းမှာပင် ရန်ကုန်တွင် (၂)ကြိမ်၊ မန္တလေးတွင် (၁)ကြိမ် ပဲရောင်းဝယ်မှုတွင် လောင်းကစားဆန်သည့် လေရောင်းလေဝယ်နည်းစနစ်မကျသည့် ကြိုရောင်းကြိုဝယ်မှုများ ဖြစ်ပေါ်ခဲ့ပြီး လိမ်လည်မှုများကြောင့် ပြည်တွင်းပြည်ပကုန်သည်များသာမက supply chain ၏ မူလအစဖြစ်သည့် လယ်သမားများ အဆင့်နစ်နာမှုများရှိခဲ့သည်။

လယ်ယာပို့ကုန်များအနက် ဆန်၊ ရေထွက်ပို့ကုန်၊ သစ်၊ ရာဘာ စသည်တို့ တင်ပို့မှုတွင် ပဲမျိုးစုံပို့ကုန်ကဲ့သို့ ပြဿနာကြီးကြီးမားမားမရှိခဲ့သော်လည်း တူညီသည့် လက္ခဏာမှာ တစ်ဦးချင်းရောင်းချမှုများနေဆဲဖြစ်၍ ဝယ်သူဈေးကွက် (buyer market) ဖြစ်နေဆဲဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**




## ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် ယာဉ်အမှတ်-၂၅ယ/၉၅၂၇၇ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းစန်းမြင့် ၁၂/မကန(နိုင်)၁၃၂၅၈၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်နယ်ရုံး(မြစ်ကြီးနား)

## ပြန်/ဆက်ဝန်ထမ်းဟောင်းများအသင်းသို့ ဝင်ရောက်နိုင်ကြောင်း အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများတွင် အသင်းဝင်အဆိုပြုလွှာများရယူ၍ အသင်းဝင်နိုင်ကြပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အသင်းဖြစ်မြောက်ရေးကော်မတီ

## သွေးသည်အသက်

ဆုပြည့် 09-31815390,09-792432296 09-31815395,09-792298138

| | |
|---|---|
| တောင်ကြီး၊၊အင်းလေး၊၊ဝင်းတဲယထုံလုံ၊တလော(ငြိမ်း) ၆၅,၀၀၀/ | 6+1 FREE Package |
| မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ(ငြိမ်း) ၇၀,၀၀၀/ | ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/ |
| ပုဂံ၊ညောင်ဦး၊တည်းခိုခန်းတည်း(ငြိမ်း) ၆၅,၀၀၀/ | ငွေဆောင်(ငြိမ်း)၅၅,၀၀၀/ |
| တားသီးသန့်/ဓရိတ်ငြိမ်းခရီးစဉ်များအားလုံးငှားစီစဉ်ပေးသည်။ | ကျိုက်ထီးရိုး(ငြိမ်း)၃၅,၀၀၀/ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ဇင်းကျိုက်လမ်းပိုင်းတို့၌ ရထားစက်ခေါင်းနှင့်ကုန်တွဲများဝယ်ယူပြီး အကျိုးတူပူးပေါင်း၍ ကုန်ရထား၊ ဆီလုံးရထား၊ ကျောက်ရထားများ ပြေးဆွဲခြင်းလုပ်ငန်းအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့်အတူ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ရန်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပုဂ္ဂလိကများမှ ရထားစက်ခေါင်းနှင့် ကုန်တွဲများဝယ်ယူပြီး မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်း၍ ရထားပြေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စား၍ လုပ်ကိုင်လိုသည့် ပြည်တွင်းမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tenderတင်သွင်း နိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ကုန်တွဲလုံများဖြင့် ကုန်ရထားများ၊ ဆီတိုင်ကီတွဲများဖြင့် ဆီလုံးရထားများ၊ ကျောက်တင်တွဲများဖြင့် ကျောက်ရထားများ၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ ကုန်တွဲလုံများဖြင့် ကုန်ရထားများ၊ ဆီတိုင်ကီတွဲများဖြင့် ဆီလုံးရထားများ၊ ရန်ကုန်-ဇင်းကျိုက်လမ်းပိုင်း၌ ကျောက်တင်တွဲများဖြင့် ကျောက်ရထားများစသည့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် ရထားများပြေးဆွဲနိုင်ရန် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများမှ ရထားစက်ခေါင်းနှင့် ကုန်တွဲများအား နိုင်ငံခြားမှ ဝယ်ယူတင်သွင်း၍ မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်းအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ကာလအား လမ်းပိုင်းအလိုက်၊ ရထားအမျိုးအစားအလိုက်ခွင့်ပြုသွားမည်ဖြစ်ပြီး၊ သတ်မှတ်ထားသည့် နှစ်ကာလအပိုင်းအခြားအလိုက် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ စီးပွားရေးဌာန မြန်မာ့မီးရထားရုံးချုပ်(နေပြည်တော်ဘူတာကြီး)သို့ ၁၅-၆-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ပေးပို့သွားကြရန်နှင့် နောက်ကျပေးပို့လာသည့်တင်ဒါစာအိတ်များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀ဝ/-)ဖြင့် ၁၄-၅-၂၀၁၅ရက်မှစ၍ မြန်မာ့မီးရထား၊ စီးပွားရေးဌာန(နေပြည်တော်ဘူတာကြီး)၊ မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၃)တိုင်း-မန္တလေးရုံးနှင့် မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၇)တိုင်း-ရန်ကုန်ရုံးတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(ဖုန်း-၀၆၇-၇၇၀၈၂/၀၆၇-၇၇၀၈၅/ ၀၆၇-၇၇၀၃၉/၀၆၇-၇၇၀၅၄)တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် ဆေးနှင့်ဆေးဝါးပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးဝါးပစ္စည်းများ အသေးစိတ်စာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၅ရက်၊ ညနေ၄း၃၀နာရီ

ဆေးရုံအုပ်ကြီး
အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့။

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

အိမ်နံပါတ်စဉ်ကိုစစ်၍လျှောက်လာသော ကျွန်တော်သည်တစ်ထပ်တိုက်ကလေးတစ်လုံးရှေ့တွင်ရပ်လိုက်မိသည်။ တိုက်ကလေး၏ ရှေ့နှင့် ခေါင်းရင်းပိုင်းတွင် အတော်အသင့်ကျယ်ဝန်းသော ပန်းဥယျာဉ်မြေရှိသည်။

အိမ်ရှေ့ရှိ သရက်ပင်ပျိုတစ်ပင်ကို မှီရပ်၍ ဖြူဝင်းကြော့ရှင်းသော မိန်းကလေးတစ်ဦးသည် အဝေးသို့ ငေးကြည့်နေသည်။ မျက်နှာလေးမှာ ကျွန်တော်ရှိရာဘက်သို့ ဘေးတိုက်ပေးထားသဖြင့် သပ်ရပ်ထင်ပေါ်သော နှာတံ၊ ကော့ပျံ့သော မျက်တောင်ရှည်၊ နီထွေးသော နှုတ်ခမ်းကလေးများကို တင့်တယ်စွာ လှမ်းမြင်ရ၏။

ကျွန်တော်သည် ခြံဝင်းတွင်းသို့ ခြေလှမ်းကျဲများဖြင့် ဝင်လိုက်ရင်း ခေါ်မိသည်။

" ခိုင် . . . "

သူကလေးကလည်း ရုတ်တရက် လှည့်ကြည့်သည်။ ပါးနှင့် နားသယ်ဝယ် မွေးညင်းရှိမ်းရှိမ်းဖြင့် စိမ်းစိုနုပျိုလှသော မျက်နှာကလေးပေတည်း။

ကျွန်တော် အံ့အားသင့်နေခိုက် သူကလေးကလည်း မျက်မှောင်လေးတွန့်ကာ ပြာရီဝင်းလဲ့သော မျက်လုံးကလေးများဖြင့် စူးစမ်းသယောင် ပြန်စိုက်ကြည့်နေ၏။ အတန်ကြာမှ တောက်ပကြည်ရွှင်သော အပြုံးကလေး ပေါ်လာပြီး ဖြေသည်။

" လူမှားနေတယ် . . . ။ ခိုင် မဟုတ်ပါဘူး။ လှိုင်ပါ "

ထိုအခါကျမှ ကျွန်တော်က အံ့သြမပြေ့တပြေနှင့် စကားပြန်ဆိုနိုင်သည်။

" အို . . . ကြည့်စမ်း . . . ။ အစ်ကိုမောင့်ကို မှတ်မိလား "

လှိုင်သည် အပြုံးကလေး မပျက်သော်လည်း ပါးစပ်ကလေး မသိမသာဟကာ မယုံကြည်နိုင်ဟန်မျက်လုံး တလဲ့လဲ့ဖြင့် ကျွန်တော့်ကို စူစူလေး ကြည့်နေသည်။

လှိုင် ရပ်နေရာနှင့် အတော်လှမ်းလှမ်း ယုဇနပန်းရုံဘေး ကုလားထိုင်တစ်လုံးထက်တွင် လူတစ်ယောက်သည် ခေါင်းကို ငုံ့၍ စာဖတ်နေသည်။ ကျွန်တော်၏ နောက်ဆုံးစကားကို ကြားရသောအခါသူသည် နေရာမှ ရုတ်ချည်းထလိုက်သည်။

သူ့ကိုတော့ ကျွန်တော် လူမမှားနိုင်ပါ။

မျက်ခုံးများမှာ နက်၍ထူကာ တစ်ခုနှင့် တစ်ခု ဆက်နေသည်။ သူ့မျက်ခုံးများကဲ့သို့ပင် သူ့ဆံပင် ဘိုကေသည် နက်၍ထူသည်။ မျက်နှာသွင်ပြင်မှာ သိမ်မွေ့ချောမောသော်လည်း အရပ်မှာ ငါးပေနှစ်လက်မ ခန့်သာရှိ၍ ရင်အုပ်ကျယ်၊ ခါးသေးလင့်ကစား ကြွားကြွားရွှားရွှား ခန့်ခန့်ညားညား မရှိလွန်းလှ။

"ငြိမ်းမောင် . . . မင်း ငြိမ်းမောင် မဟုတ်လား "

ငြိမ်းမောင် သူက ပြုံးသည်။ သူပြုံးပုံမှာ အံကြိတ်ရင်း သွားစေ့လျက် နှုတ်ခမ်းဖြင့်သာ ပြုံးသောအပြုံးဖြစ်သည်။

သူ့ထံ တိုးသွားသော ကျွန်တော့်ကို သူကလည်း သူ့နည်းနှင့်သူခန့်ညားစွာ ဆီးကြိုသည်။ သူ့လက် တစ်ဖက်က ကျွန်တော့်ခါးကို ဆီးဖက်သည်။ ကျန်လက်တစ်ဖက်က သူ့နားရွက်ကျော်သော ကျွန်တော့်ပုခုံးကို လှမ်း၍ ပုတ်ကာ ပုတ်ကာနှင့် အောင်မြင်သည့် အသံဝါဖြင့် ဆို၏။

" မောင် . . . ။ ဟား . . . နည်းတဲ့ကောင်ကြီးလား . . . ဟင်း . . . အခုမှ တာဇံအစစ်ဟေ့ . . . "

စကားအဆုံး၌ ငြိမ်းမောင်သည် ကျေနပ်စွာရယ်သည်။ များသောအားဖြင့် လူတို့ရယ်လျှင် လည်ချောင်းနှင့် ပါးစပ်မှ အသံထွက်သည်။ ငြိမ်းမောင် ရယ်သံမှာမူ လည်ချောင်းနှင့် ရင်တွင်းမှလာသဖြင့် နင့်တင့်တင့် ပြတ်တောင်းတောင်းနိုင်၏။

သို့ရာတွင် ကျွန်တော့်အား ပွေ့ဖက်ထားသော သူ့လက်သည် သန်မာမြဲမြံ၍ ခင်မင်ရင်းနှီးမှုကိုပြည့်ဝစွာ ဖော်ပြနိုင်သည်။

" ငြိမ်းမောင် . . . သူငယ်ချင်း . . . ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ . . . "

" အေးကွာ . . . ငါလည်း သိပ်ဝမ်းသာတာပဲ။ အင်း . . . အင်း . . . အင်း . . . အင်း အင့် . . . အင့် . . . "

နောက်ဆုံးမှ ဂရု-လဟုသံများသည် ငြိမ်းမောင်ရယ်သံကို အနီးစပ်ဆုံး ဖော်ပြထားခြင်းဖြစ်၏။

" ဒါထက် ငြိမ်းမောင် . . . ခိုင်ရော . . . "

"ရှိပါတယ်ကွာ . . . တွေ့လိမ့်မှာပေါ့ အထဲမှာ . . . "

" ဒါဖြင့် လာကွာ . . . သွားကြရအောင် . . . "

" သွားပေါ့ကွာ . . . လှိုင် . . . မောင်လေ မမှတ်မိဘူးလား။ ခိုင့်ဆီ ခေါ်သွားလိုက်ပါ . . . "

" မင်းကော မလိုက်ဘူးလား ငြိမ်းမောင် . . . "

" မလိုပါဘူးကွာ . . . မင်းကို တစ်ယောက်တည်းမြင်ပြီး ခိုင် အံ့အားသင့်သွားစေချင်လို့ပါ။ ပြီးတော့ ငါဝင်လိုက်ခဲ့မယ် "

ငြိမ်းမောင်ပြောသည်မှာ ဆီလျော်သည်ထင်၏။

လှိုင်က သံမဏိခေါက်တံခါးတပ် အိမ်ဝမှနေ၍ ကျွန်တော်ကို လှမ်းပြုံးကြိုနေသည်။ စကားဖြင့်မဆိုသော်လည်း ဖိတ်ခေါ်ပုံပင်ဖြစ်သည်။ ကျွန်တော်က လှိုင့်နောက် လိုက်ခဲ့သည်။ လှိုင်သည် အိမ်ခေါင်းရင်းဘက်ရှိ အခန်းတစ်ခုသို့ ကျွန်တော့်ကို ခေါ်သွား၏။ အခန်းဝရောက်သော် ခန်းဆီးကို ဖယ်ပေး၍ ကျွန်တော့်ကို အတွင်းသို့ဝင်ရန် အမူအယာပြသည်။ သူကမူ အပြင်တွင်သာ ပြုံးပြုံးလေး ရပ်နေ၏။ကျွန်တော်က အခန်းတွင်းသို့ ဝင်လိုက်သည်။

အခန်းတွင်း၌ မမျှော်လင့်ဘဲ လူငယ်လေးဦးခန့်ကို တွေ့ရသည်။ သူတို့အားလုံးက ကျွန်တော့်ကို ဆတ်ကနဲ လှည့်ကြည့်ချိန်တွင် ကုလားထိုင်တစ်လုံး၏ ရုတ်တရက် ရွှေ့မြည်သံ ကြားရသည်။

ပထမဆုံး သတိပြုမိသည်ကား အနက်ပွင့်ဖော် ရွှေဝါရင့်ရောင်ထဘီ . . . ၊ သွယ်ပျောင်းသောခါး အထက်ရှိ ကြက်ဥနှစ်ရောင်ဖျော့ဖျော့ ပိုးအင်္ကျီ၊ ကြည်၍သန့်၍ ရှင်း၍ သွယ်သော လည်တိုင်လေးကို လွန်သော် . . . ။

" ခိုင် . . . "

ကျွန်တော့်အသံမှာ မကျယ်လွန်း။

မျက်လုံးများ၌ အလှယ်လှယ်သော ရောင်မျိုးတို့ ကွန့်ဝေထွေလေပြီးမှ ခိုင်က ထူးသည်။

" မောင် . . . "

ခိုင့်အသံမှာလည်း လေသံမျှသာ ဖြစ်၏။

ခိုင်က မတုန်မလှုပ်ကလေး ရပ်နေရာသို့ ကျွန်တော်က ချဉ်းကပ်သွားပြီး မလှမ်းမကမ်းရှိနေသော ခိုင့်လက်ကလေးများကို စိတ်မှတ်မထင် လှမ်းဆုပ်ကိုင်မိသည်။ ခိုင့်မျက်နှာကလေးမှာ ပြုံးနေသည်။ နှုတ်ခမ်းကလေးများက တဆတ်ဆတ်တုန်နေ၏။

မျက်လုံးများကရီရွှန်းလျက်နှင့် မျက်ရည်တို့ ဝိုင်းနေ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**



# စိတ္တရကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ထရန်စဖော်မာအသစ်ပြောင်းလဲတပ်ဆင်ပေး

**စဉ့်ကိုင် မေ ၁၃**

ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးနှင့် အသုံးပြုသည့် ဗို့အားအပြည့်အဝ ရရှိစေရေးအတွက် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပလိပ်အုပ်စု စိတ္တရကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လက်ရှိအသုံးပြုလျက်ရှိသော ၁၀၀ ကေဗွီအေ ထရန်စဖော်မာအစား ၃၁၅ ကေဗွီအေ ထရန်စဖော်မာအသစ် ပြောင်းလဲတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ပလိပ်နယ်မြေ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနနဲ့ ညှိနှိုင်းပြီး ကျေးရွာပြည်သူတွေ လျှပ်စစ်ဗို့အား အပြည့်အဝရရှိဖို့ ပြောင်းလဲတပ်ဆင်ပေးခဲ့တာပါ၊ အခုဆိုရင် ကျေးရွာမှာရှိတဲ့ လူဦးရေ ၈၅၀ ကျော်က လျှပ်စစ်မီးကို ဗို့အားပြည့်ပြည့်ဝဝနဲ့ အသုံးပြုနိုင်နေပြီ" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခန်းမာစန်းက ပြောကြားခဲ့သည်။

ကျေးရွာ မီးလင်းရေးကော်မတီတစ်ဦးက "ကျွန်တော်တို့ရွာမှာ အိမ်သုံးမီတာ ၁၂၆ လုံးတပ်ဆင်ထားတာ အခုလို ထရန်စဖော်မာအသစ်၊ ဗို့အားမြင့်တဲ့ဟာနဲ့ ပြောင်းလဲတပ်ဆင်ပေးတော့ ဓာတ်အား အပြည့်အဝ သုံးစွဲလို့ရသွားတာပေါ့။

'မီးသုံးစွဲမှုမှာလည်း လျှပ်စစ်အန္တရာယ် မစိုးရိမ်ရတော့ဘူးပေါ့။ နောက်ထပ်လည်း ကျေးရွာထဲမှာ မီးလင်းဖို့ကျန်တဲ့ အိမ်ထဲက ၃၄ ဦး လျှောက်ထားသေးတယ်။ အခုလို ပြောင်းလဲတပ်ဆင်လိုက်တော့ သူတို့လည်း မြန်မြန်မီတာရနိုင်ပါတယ်"ဟု ပြောပြသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအစီရင်ခံစာတင်ပြနိုင်ရန် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (UNCRPD Monitoring Workshop)ကျင်းပ

**ရန်ကုန် မေ ၁၃**

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (UNCRPD Monitoring Workshop) ကို USICD, World Learning နှင့် USAID ရန်ကုန်မြို့ KU YMCA တွင် မေ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် Prof; Dr. Hyung Shik Kim က ပြောရာတွင် မြန်မာနိုင်ငံအနေနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ လက်မှတ်ထိုးပြီးနောက် နှစ်နှစ်တစ်ကြိမ်တင်ပြနိုင်ရေးနှင့် ကိုယ်စားလှယ်အဖြစ် တက်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ ကိုယ်စားပြုတစ်ဦးလည်း ရွေးချယ်ရန်လိုအပ်ကြောင်း နိုင်ငံတချို့တွင်လည်း UNCRPD တွင် လက်မှတ်ထိုးပြီးနောက် အစီရင်ခံစာတင်ရန် နောက်ကျနေကြကြောင်းကို ပြောသည်။

မသန်စွမ်းသူများအနေဖြင့် အမှီအခိုကင်းစွာ၊ လွတ်လပ်စွာ၊ ဂုဏ်သရေရှိစွာနေထိုင်နိုင်ရန် တစ်နိုင်ငံအတိုင်းအတာဖြင့် ၎င်းတို့အားလုံး အကျိုးရရှိခံစားရအောင် အောက်ခြေမှစ၍ ကြိုးပမ်းနေပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် အတူ နှစ်ရှည်မဟာဗျူဟာစီမံကိန်းတွေလည်း ချမှတ်ပြီး မသန်စွမ်းသူများကောင်စီ၏ ဖွဲ့စည်းပုံကို ရေးဆွဲပြီးဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးညွန့်အောင်က ပြောသည်။

အဖွဲ့ဝင်များက အဆင့်ဆင့်ဝင်ရောက်ဆောင်ရွက်သွားကြရန် အဆိုပါပွဲတွင်ပါဝင်တဲ့လူများက အဆင့်ဆင့်အရည်အသွေးမြှင့်တင်ပေးရန် မသန်စွမ်းသူအခွင့်အရေးများကို ပိုမိုနားလည်သိရှိနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မသန်စွမ်းသူများ အသက်ရှင်သန်မှုအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးမှုအတွက်ပညာသင်ကြားနိုင်ရန် ဆက်သွယ်ရေးဆိုင်ရာ (ဥပမာ-စကားမပြောတတ်သူများ လက်သင်္ကေတအချက်ပြစကား၊ မျက်မမြင်တွေဆို လက်စမ်းစာပေများ)၊ ရပ်ရွာအတွင်းမှာ ပါဝင်ဆောင်ရွက်နိုင်ရန် စသည့်အဓိကအချက်ကြီးသုံးချက်ကို ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်ပတ်သက်ပြီး နှိမ့်ချထားခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် ခွဲခြားထားခြင်းများမရှိအောင် ပြင်သင့်သည့် ဥပဒေများကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီ အထွေထွေအတွင်းရေးမှူးက ဆက်လက်ပြောသည်။

"မသန်စွမ်းသူတို့က မိမိအခွင့်အရေးကဘာတွေလည်းဆိုတာ သိဖို့ ရပ်ရွာတွေအထိ ဘယ်လိုအသိပေးမလဲ၊ အဲဒီလိုသက်ဆိုင်ရာ မသန်စွမ်းသူတွေကို ဘယ်လိုအသိပေးမလဲ၊ မသန်းစွမ်းသူတွေရဲ့ မိဘတွေကို ဘယ်လိုအသိပေးမလဲ ဘယ်လိုပညာပေးမလဲဆိုတာ သူတို့ဆီကအတွေ့အကြုံနဲ့ ပညာယူမှာပါ။ မျက်မမြင် နားကြားကျောင်းတွေ ရန်ကုန်မှာ လွန်ခဲ့တဲ့နှစ် ၅၀ လောက်ကတည်းကရှိခဲ့ပေမဲ့ မြို့ကြီးတွေမှာပဲ အဖွဲ့အစည်းတွေရှိတယ်။ နယ်တွေ၊ ဝေးလံသီခေါင်တဲ့ဒေသတွေမှာ ဒီလိုအခွင့်အရေးမရသေးတာရှိနေသေးတယ်" ဟု ဦးညွန့်အောင်က ဆက်ပြောသည်။

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာကော်မတီတွင် ကျွမ်းကျင်သူ မသန်စွမ်းအဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းထားကြောင်းသိရပြီး Syracuse University, Senior Vice-President of Human Rights & Inclusive Development Janet E. Lord ESifh US International Disability Council, Disability Rights Lower, Allison Defrock တို့တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို လာရောက်အားပေးတဲ့အနေဖြင့် ယခုလိုလာရောက်ကူညီဆောင်ရွက်ခြင်းဖြစ်ပြီး မသန်စွမ်းသူများဆိုင်ရာ အစီအရင်ခံစာကိုလည်း နိုင်ငံတော်၊ အရပ်ဘက်နှင့် ပြည်သူလူထုများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **သန့်ဇင်ဝင်း**
























# ဆည်ကန်နှင့် ဖောင်းလောင်ကျေးရွာတို့၌ ဆိုလာမီးလင်းရေးဆောင်ရွက်



**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဆည်ကန်ကျေးရွာနှင့် ဖောင်းလောင်ကျေးရွာတို့တွင် မေလ ၁၁ ရက် ညနေပိုင်းက ဆိုလာလျှပ်စစ်စနစ်ဖြင့် ရွာလုံးကျွတ်မီးလင်းရေး အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆည်ကန်ကျေးရွာ မီးလင်းရေးဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်တိုင်း လျှပ်စစ်အင်ဂျင်နီယာချုပ် ဦးကျော်ငြိမ်းက လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက မင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဆည်ကန်ကျေးရွာအတွက် ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာချုပ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆိုလာလျှပ်စစ်မီးများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ဖောင်းလောင်ကျေးရွာသို့ သွားရောက်၍ ဆိုလာမီးလင်းရေးဆိုင်းဘုတ်အား စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ဆပ်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းအပြင် ဆိုလာပြားနှင့် ဆပ်စပ်ပစ္စည်းများအား Innovative Consulting & Technological Service (ICTS) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး ဆည်ကန်ကျေးရွာတွင် ၁၆၇ အိမ်၊ ဖောင်းလောင်ကျေးရွာတွင် ၈၀ အိမ် စုစုပေါင်း အိမ်ခြေ ၂၄၇ အိမ်ကို မီးရရှိစေခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

# သတ်မှတ်သော အခွင့်အရေး လိုင်စင်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်မှု ရှိမရှိကွင်းဆင်းစစ်ဆေး

**ပလောက် မေ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၁) ရပ်ကွက်၌ ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့က လုပ်ကိုင်ခွင့်ရရှိထားသော အခွင့်အရေးလိုင်စင်ရရှိသူများ အနေဖြင့် သတ်မှတ်ထားသော အခွင့်အရေး လိုင်စင်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်ခြင်း ရှိ၊ မရှိကို မေ ၁၁ ရက်၊ နံနက် ၈ နာရီက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချထားပေးသော မြို့မဈေးကောက်လိုင်စင်၊ မြို့ဝင်ဘီးကောက်လိုင်စင်၊ ဝက်၊ အမဲသား သတ်လိုင်စင် စသည့်လိုင်စင်ရရှိသူတို့က လိုင်စင်ပါသတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံမှုရှိမရှိ၊ ဝက်၊ အမဲသားများအား သတ်မှတ်အသားဈေးနှုန်းထားများအတိုင်း ရောင်းချမှုရှိ၊ မရှိတို့ကို ပလောက်မြို့စည်ပင်သာယာ ဈေးကြီး၌ ပလောက်မြို့စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးမျိုးဝင်းလှိုင်နှင့်အဖွဲ့က စစ်ဆေးခဲ့သည်။

ဆက်လက်၍ ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် မြို့အဝင်ဘီးကောက်ဂိတ်သို့သွားရောက်၍ သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံမှုရှိမရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပလောက်ပြန်/ဆက်**

# အလုံမြို့နယ်၌ မြေလျှောနှင့် သဘာဝဘေးအန္တရာယ် အကြောင်း ဟောပြောပွဲပြုလုပ်

**ရန်ကုန် မေ ၁၃**

အလုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ မြေလျှောနှင့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၁၂ ရက်၊ နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ၄၁နာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ပြီး မြို့နယ်မီးသတ်ဦးစီး ဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်က မြေလျှောနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို Projecter ဖြင့်ပြသ၍ အသိပေးဟောပြောခဲ့သည်။

**တင်မောင်ဦး(အလုံ)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်ကြားရေး သင်တန်းအောင်လက်မှတ်နှင့် ဆုပေးပွဲကျင်းပ

**ချောင်းဦး မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့သစ်ရပ်ကွက် ဓမ္မိကာရာမကျောင်းတိုက်၌ မေ ၉ ရက် နံနက် ၉ နာရီက ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်ကြားရေးတွင် ဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုပေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ဓမ္မိကာရာမကျောင်းတိုက်ဆရာတော် ဦးဝါသဖနှင့် ရန်ကုန်တက္ကသိုလ်မှ အရှင်လက္ခဏတို့က ငါးပါးသီလနှင့် ဩဝါဒစကားမွက်ကြားပြီး ဧည့်သည်တော်များနှင့် ကျောင်းသား၊ ကျောင်းသူများက ဘုရား၊ တရား၊ သံဃ ဂုဏ်တော်များကို သံပြိုင်ရွတ်ဆို၍ အခမ်းအနားစတင်ဖွင့်လှစ်ခဲ့သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်ကြားပြသပေးသော ဆရာမကြီး ဒေါ်ငွေကြည်က သင်တန်းသား၊ သင်တန်းသူလေးများကို ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာကို အဆက်မပြတ် ဆက်လက်လေ့လာသွားကြရန် တိုက်တွန်းပြောကြားပြီး၊ ကျောင်းသား မိဘများကိုယ်စား ဦးသံချောင်းက ယခုလို သင်တန်းဖွင့်လှစ်ပေးသည့်အတွက် ဆရာတော်နှင့် သင်တန်းဆရာ၊ ဆရာမများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဆရာတော်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်ကြားရေးသင်တန်းတွင် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပြီ ဗုဒ္ဓဿသနံစီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက် (ချောင်းဦး)**

Yangon University of Distance Education
YUDE
KMD
ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌါန-ရန်ကုန်အဝေးသင်တက္ကသိုလ်
နှင့် KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် Diploma သင်တန်းများ
• Diploma in Web Development • Diploma in Network Communication
၁။ တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများလျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းကာလမှာ(၉)လကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ပညာရေး ဝန်ကြီးဌာနမှ ဒီပလိုမာအောင်လက်မှတ်ရရှိမည့်အပြင် Microsoft အသိအမှတ်ပြု လက်မှတ်ပါရရှိပါမည်။
၄။ KMD ကျောင်းသား/သူဟောင်းများဖြစ်ပါက သင်တန်းကြေး (၂၅၀၀၀ ကျပ်) Discount ရရှိပါမည်။
၅။ အစိုးရဝန်ထမ်း နှင့် သား/သမီးများဖြစ်ပါက ပညာသင်ထောက်ပံ့ကြေး ရရှိပါမည်။
၆။ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဝင် သင်တန်းကိုပါ ဆက်လက်တက်ရောက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိပါမည်။
ထပ်တန်းဖွင့်လှစ်မည့်ရက်
မေလ (၁၅)ရက်၊ ၂၀၁၅
နံနက် (၉း၀၀) မှ (၁၂း၀၀) နာရီအထိ
သင်တန်းများကို ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် တက်ရောက်ရပါမည်။
☎ - ဆက်သွယ်ရန်ဖုန်း - ၀၉-၈၃၀၃၇၇၅ ၊ ၀၁- ၂၉၁၉၂၅၊ ၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၃၈၄၂၆၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅

ES SEMINAR
Executive Seminar Series by
Organized by ML
Lynn Thaik Nyunt
(MYANMAR'S LAND)
ဟောပြောမည့်သူ
ဆရာလင်းသိုက်ညွန့်
(မြန်မာ့မြေ)
CEO, Myanmar's Land Institute
ဟောပြောမည့်နေရာ - Myanmar's Land Institute တော်ဝင်စင်တာ ၃ လွှာ၊ ရန်ကုန်မြို့
Seminar 1 သင့်လုပ်ငန်းရဲ့ Value Proposition ကို အများထက်သာလွန်အောင် ဘယ်လိုဖန်တီးမလဲ (Value Proposition Design)
ဟောပြောမည့် နေ့ရက် နှင့် အချိန် - May 24 (Sun) 2015, 10:00 AM to 2:00 PM
Ticket Price 15000 K
Seminar 2 သင့်စီးပွားရေးလုပ်ငန်းအတွက် ထိရောက်ပီပြင်အောင် ဆက်သွယ်ဆောင်ရွက်ခြင်း (Connecting)
ဟောပြောမည့် နေ့ရက် နှင့် အချိန် - May 31 (Sun) 2015, 10:00 AM to 2:00 PM
Ticket Price 15000 K
For 2 Seminars Ticket Price 25000 K
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Can Contact : 548500, 098628594, 0943121060, 095010014, 0932350785 website : www.lynnthaiknyunt.com
Limited Seats
Book Your Tickets Now!

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ရေယာဉ်များ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာ များကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | Currency | တင်ဒါပိတ်မည့်ရက်/အချိန် |
|---|---|---|---|
| 1. | M.S Welding Electrode (KOBE-30/RB-26) | ကျပ်ငွေ (Kyats) | ၅-၆-၂၀၁၅ ၁၃း၀၀နာရီ |
| 2. | Marine Paint for Under Water Coating (HEMPEL) | | |
| 3. | Foam Liquid (Fluoroprotein 3%) | | |
| 4. | Marine Diesel Engine with Marine Gear Box (Yanmar Diesel Engine) | နိုင်ငံခြားသုံးငွေ (US$) | ၁၂-၆-၂၀၁၅ ၁၃း၀၀နာရီ |
| 5. | Hydraulic Steering System or Tug Boat | | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၄-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၁ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။ ပစ္စည်းဝယ်ယူရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆောင်းပါး

# "ဧရာဝတီလင်းပိုင်"

ခ မောင်သာ (ရှေးဟောင်းသုတေသန)



မြန်မာနိုင်ငံအထက်ပိုင်း မင်းကွန်းနှင့် ကျောက်မြောင်း အကြားရှိ ဧရာဝတီမြစ်အပိုင်းအခြားသည် ကမ္ဘာကျော် ရေချိုလင်းပိုင်များ ကျက်စားသည့်နေရာအဖြစ် ထင်ရှားသည်။ ရှည်လျားသော ဧရာဝတီမြစ်ကြီး၏ ယင်းအစိတ်အပိုင်းအတွင်း နေထိုင်ကျက်စားကြသည့် လင်းပိုင်များသည် ကမ္ဘာပေါ်ရှိ မည်သည့်လင်းပိုင်များနှင့်မျှမတူသည့် အလွန်ထူးခြားသော အမူအကျင့်များ ရှိနေကြသည်။ ယင်းတို့သည် ထိုဒေသနေ ရေလုပ်သားများနှင့်အတူ ငါးဖမ်းကြသဖြင့် ထိုထူးခြားသည့် ဓလေ့ကို ကြည့်ရှုရန် ကမ္ဘာအနှံ့မှ လင်းပိုင်ချစ်သူများ လာရောက်လေ့ရှိကြပြီး စိတ်ဝင်စားဖွယ် လင်းပိုင်ကြည့်ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားလျက်ရှိပေသည်။

မင်းကွန်းနှင့် ကျောက်မြောင်းအကြား ထိုဒေသတွင် ရေလုပ်ငန်းဖြင့် အသက်မွေးကြသည့် ရွာ ၁၀ ရွာခန့်ရှိသည့် အနက် ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြစ်ကမ်းကြီး၊ ဟသာ်မ၊ ဆယ်သည်နှင့် မြေစွန်းရွာများမှ ရေလုပ်သားများသည် လင်းပိုင်များနှင့်တွဲဖက်ကာ ကွန်ပစ်ငါးရှာကြခြင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည်။

လင်းပိုင်များနှင့်အတူ ငါးရှာထွက်သည့် လှေတွင် တက်မကိုင် ရေလုပ်သားသည် လှော်တက်နှစ်ချောင်းအပြင် အရှည် တစ်ပေခန့်ရှိသည့် သစ်သားတုတ်တိုလေးတစ်ချောင်းကိုလည်း ယူဆောင်လာလေ့ရှိသည်။ တုတ်တိုလေးသည် တစ်ပေသာသာရှည်လျားပြီး တီးဝိုင်းများတွင် ဒရမ်တီးသည့် တုတ်တံလေးနှင့် ပုံသဏ္ဍာန်တူကာ အရင်းတွင်ကျပ်လုံးခန့် အလုံးတုတ်လျက် အဖျားပိုင်းသို့ ရှူးသွားသည်။ ရေလုပ်သားများသည် ဧရာဝတီမြစ်ရိုးတစ်လျှောက် အုပ်စုဖွဲ့ကာ သွားလာနေတတ်သည့် လင်းပိုင်တို့ရှိရာနေရာကို လိုက်လံရှာဖွေကြရသည်။ မြစ်ကမ်းဘေးနှင့် မြစ်လယ်သောင်ကျွန်းများတွင်ရှိသည့် ယာသမားများထံမှ သတင်းယူကြရသည်။ လင်းပိုင်တို့သည် ရေနေ နို့တိုက်သွေးနွေးသတ္တဝါများ ဖြစ်ကြသဖြင့် ရေအောက်တွင် အချိန်ကြာမြင့်စွာနေလေ့မရှိကြဘဲ ရေပေါ်သို့ခေါင်းဖော်က လေရှူတတ်ကြသောကြောင့် လင်းပိုင်တို့သွားလာကျက်စားရာနေရာများကို မြင်နိုင်သိနိုင်ကြသည်။ လင်းပိုင်တို့သည် အသက်ရှူကာ ရေပေါ်တွင် ခေါင်းဖော်၍ ရေမှုတ်တတ်ကြသဖြင့်လည်း ရေလုပ်သားတို့သည် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် လင်းပိုင်များကို အဝေးမှပင် တွေ့မြင်နိုင်ကာ မှတ်မိနေကြသည်။

ရေလုပ်သားများသည် လင်းပိုင်များကို တွေ့သည်ဆိုသည်နှင့် ယင်းတို့အနီးသို့ လှေကို လှော်ခတ်သွားကြပြီး အဖျားရှူးတုတ်တိုလေးကို လှေနံရံအား စည်းချက်ညီ ရိုက်ခေါက်ရသည်။ လင်းပိုင်များသည် ရေလုပ်သားများက တုတ်တိုလေးကို အရင်းမှကိုင်ကာ အဖျားဖြင့် လှေနံရံကို ရိုက်ခတ်သဖြင့် ထွက်ပေါ်လာသောတုန်ခါမှုကို သိရှိကြသည်။ ယင်းတို့သည် ရေပြင်ကိုဖြတ်သန်းလာသော ထိုတုန်ခါမှုလမ်းကြောင်းအတိုင်း ကူးခတ်လာကြကာ လှေနှင့် မနီးမဝေးသို့ ရောက်လာကြသည်။ လင်းပိုင်များသည် လှေအနီးသို့ တစ်ကောင်တည်းရောက်လာခြင်းမဟုတ်ဘဲ နှစ်ကောင်မှ ငါးကောင်အထိ အုပ်စုဖြင့် ရောက်ရှိလာလေ့ရှိကြသည်။ ယင်းလင်းပိုင်အုပ်စုထဲမှ ခေါင်းဆောင်ဟုယူဆနိုင်သည့် လင်းပိုင်သည် ယင်း၏ဦးခေါင်းပိုင်းကို ရေလုပ်သားများ မြင်နိုင်ရန် ရေပေါ်သို့ဖော်ကာ အမြီးကိုထောင်ပြလိုက်သည်ဆိုလျှင် ငါးဖမ်းရန် အချက်ပေးခြင်းဖြစ်ပေသည်။ ခဏအကြာတွင် လင်းပိုင်က အမြီးကိုအပြားလိုက် ရေပေါ်သို့ထောင်ထားပြီး အထက်အောက်လှုပ်ကာ ရေပြင်ကို အမြီးနှင့်ရိုက်လိုက်ပါက သူ့နောက်လိုက်ခဲ့ရန် ခေါ်ခြင်းဖြစ်ကြောင်း ရေလုပ်သားတို့က နားလည်ကြပြီး လင်းပိုင်ကူးခတ်သွားသည့်နောက်သို့ လှေဖြင့်လိုက်ကြရပေသည်။

လင်းပိုင်က ငါးအုပ်ကိုတွေ့လျှင် အမြီးကို ရေပြင်ပေါ်တွင် မတ်နေအောင်ထောင်ပြသည်။ လင်းပိုင်တို့၏ အချက်ပြမှုများသည် ရေလုပ်သားများနှင့် လင်းပိုင်တို့အချင်းချင်း နားလည်ကြသည့် ဆက်သွယ်မှုသင်္ကေတများအဖြစ် ထူးခြားလှပေသည်။ လင်းပိုင်က ရေအောက်တွင် ငါးများကိုတွေ့နေသဖြင့် ကွန်ပစ်ရန် အချက်ပေးခြင်းဖြစ်သည်။ ထိုအချိန်တွင် လှေဦးတွင်လိုက်ပါလာသူက မတ်တတ်ရပ်ကာ ကွန်ကိုကိုင်လျက် ရေထဲသို့ပစ်ရန် ပြင်ရသည်။

အမြီးကို ရေပေါ်တွင်ထောင်ပြထားသော လင်းပိုင်ခေါင်းဆောင်သည် စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ရွေ့လျားကူးခတ်နေသည်ကို ရေလုပ်သားက မြင်နေရသည်။ လင်းပိုင်တို့က ရေအောက်ထဲတွင်ရှိနေသော ငါးများကို စက်ဝိုင်းပုံလှည့်ပတ်ကာ တစ်နေရာတည်းတွင် စုမိနေစေရန် မောင်းသွင်းနေခြင်းဖြစ်သည်။ ကျန်သောလင်းပိုင်များက ငါးများပြန့်ထွက်မသွားစေရန် လမ်းပိတ်ကာ ဝိုင်းပတ်ထားသည်။ ယင်းသို့ပြုလုပ်ခြင်းကို လင်းပိုင်များ ငါးခြောက်၊ ငါးစု၊ ကွန်ချက်ပြခြင်းဟု ဆိုကြသည်။ ဒေသအခေါ် 'စီးခို' သည်ဟုခေါ်သည်။ လင်းပိုင်တို့ စီးခိုလေ့ရှိသည့်နေရာများသည် ရေလယ်ခေါင်တွင်ထွန်းနေသော သောင်များ၏ ရေလက်ကြားနေရာများ၊ ဧရာဝတီမြစ်ရေစီးကြောင်း ကွေ့ဝိုက်စီးလေ့ရှိသည့် သောင်ကွေ့နေရာများနှင့် ရေတိမ်နေရာများ ဖြစ်ကြသည်။ ထိုနေရာများသည် ကွန်ပစ်လျှင် ကွန်ချက်ကျယ်ကျယ်ပြန့်ပြန့်ကျနိုင်သည့် နေရာများဖြစ်သည်။

ရေအောက်တွင် ငါးများစုမိလျှင် လင်းပိုင်သည် အမြီးကို ရေပေါ်တွင် မတ်နေအောင်ထောင်ပြပြီး ဘယ်ညာယိမ်းပြသည်။ ထိုအချိန်တွင် ရေလုပ်သားက ကွန်ကိုပစ်လိုက်ရသည်။ ဝိုင်းစက်ကာ ရေပေါ်သို့ ဝဲပျံ့ကျသွားသည့် ကွန်အတွင်းမိသွားသည့် ငါးများကို လင်းပိုင်တို့က စားလေ့မရှိဘဲ ပိုက်ကွန်အပြင်တွင် ပြေးလွှားနေကြသည့် ငါးများကို ဖမ်းယူစားသောက်ကြသည်။ နှုတ်ခမ်းသားအဖျားတွင် ခဲသီးများတပ်ထားသည့် ပိုက်ကွန်သည် ရေထဲသို့ အဝိုင်းလိုက်ကျသွားရာ ပိုက်ကွန်နှုတ်ခမ်းအပြင်မှ ငါးများသည် လင်းပိုင်အတွက်၊ ကွန်အတွင်းမှငါးများသည် ရေလုပ်သားအတွက်ဟု ပိုင်းခြားထားကြောင်း လူနှင့်လင်းပိုင်တို့ သဘောတူညီထားသည့်အလား ထူးခြားလှပေသည်။ပိုက်ကိုဆွဲတင်လိုက်ချိန်တွင် ပိုက်အတွင်းပါမလာသည့် ငါးများသည်လည်း လင်းပိုင်တို့အစာ ဖြစ်သည်။ ကွန်၏အောက်ခြေ မြစ်ကြမ်းပြင်တွင်ကပ်နေသည့် ငါးများကိုလည်း လင်းပိုင်များက ဖမ်းယူစားသောက်ကြသည်။

ရေလုပ်သားနှင့် လင်းပိုင်တို့ အကျိုးတူ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသည့်အတွက် လင်းပိုင်တို့သည် ကွန်အတွင်းသို့သာ ငါးအပါများသည့် ရေနက်ပိုင်းတွင် ကွန်ချက်ပြလေ့မရှိကြပါချေ။ ယင်းတို့အတွက် ဝေစုများများရနိုင်သည့် ရေတိမ်ပိုင်းနေရာများတွင်သာ ကွန်ချက်ပြလေ့ရှိသည်မှာ ထူးခြားဆန်းကြယ်သည့် ဧရာဝတီလင်းပိုင်တို့၏ ဉာဏ်စွမ်းရည်ဟု ဆိုနိုင်ပေသည်။

ရေနေသတ္တဝါများအနက် သွေးနွေးနို့တိုက်သတ္တဝါမျိုးစိတ် သုံးမျိုးသာရှိရာ လင်းပိုင်၊ ဝေလငါးနှင့် ရေဝက်တို့ဖြစ်ကြသည်။ ယင်းတို့သည် အများအားဖြင့် ရေငန်ဒေသ ပင်လယ်သမုဒ္ဒရာများတွင်သာ နေထိုင်ကျက်စားလေ့ရှိကြသည်။ ကမ္ဘာပေါ်တွင် လင်းပိုင်မျိုးစိတ် သုံးဆယ်ကျော်ရှိသည့်အနက် ထူးခြားစွာ ရေချိုဒေသတွင်နေထိုင်ကျက်စားသော လင်းပိုင်မျိုးစိတ်သည် သတ္တဗေဒအခေါ် Orcaella brevirostris ဟု အမည်တွင်သည့် ဧရာဝတီလင်းပိုင်တစ်မျိုးတည်းသာရှိသည်။ **(ဆက်လက်ဖော်ပြပါမည်)**




THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 6 - 7:30 | (Mon – Thurs) | 13 May |
| 9 - 12:00 | (Sat + Sun) | 17 May |
| 10-11:30 | (Mon – Thurs) | 18 May |
| 3:30 - 5 | (Mon – Thurs) | 25 May |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 3:30 - 5 | (Mon – Thurs) | 18 May |
| 10-11:30 | (Mon – Thurs) | 18,25 May |
| 7:30-10:30 | (Sat + Sun) | 24 May |
| 7:30 - 9 | (Mon – Thurs) | 3 Jun |
| 1 - 4:00 | (Sat + Sun) | 6 Jun |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 10-11:30 | (Mon – Thurs) | 18 May |
| 3:30 - 5 | (Mon – Thurs) | 27 May |
| 7:30 - 9 | (Mon – Thurs) | 3 Jun |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon – Thurs) | 20 May |
| 7:30 - 9 | (Mon – Thurs) | 27 May |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 17 May |
| 1 - 2:30 | (Mon – Thurs) | 25 May |

| BASIC GRAMMAR | | |
|---|---|---|
| 7:30 - 9 | (Mon – Thurs) | 25 May |

| BASIC WRITING | | |
|---|---|---|
| 3:30 - 5 | (Mon – Thurs) | 26 May |

| IELTS (Four Skills) | | |
|---|---|---|
| 7:30-9:30 | (Mon – Thurs) | 11 May |
| **IELTS Exam Practice** | | |
| 3:30 - 5 | (Mon – Thurs) | 25 May |
| **IELTS (Speaking)** | | |
| 1 - 2:30 | (Mon – Thurs) | 8 Jun |
| **IELTS (Reading)** | | |
| 7:30 - 9 | (Mon – Thurs) | 15 Jun |
| **IELTS (Writing)** | | |
| 7:30 - 9 | (Mon – Thurs) | 11 May |
| 8 - 11:00 | (Sat + Sun) | 31 May |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းချုံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းသဉ္ဇာတိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 30 May |
| 7:30-10:30 | (Sat + Sun) | 31 May |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 2:30 | (Mon – Thurs) | 3 Jun |
| 7:30 - 9 | (Mon– Thurs) | 10 Jun |
| 4:30-7:30 | (Sat + Sun) | 13 Jun |

| BASIC GRAMMAR | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 23 May |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 6 - 7:30 | (Mon – Thurs) | 18 May |
| 7:30-10:30 | (Sat + Sun) | 27 Jun |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 17 May |

| IELTS (Four Skills) | | |
|---|---|---|
| 12:30 - 3:30 | (Sat + Sun) | 20 Jun |

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
9:30 to 11:30 a.m.
Sat + Sun (တစ်ပါတ် ၂ ရက်)
June 6 စပါမည်။ ဖယ်ရီ စီစဉ်ပေးပါသည်။
နေရာသေချာဖို့ ကြိုတင်အပ်နှံနိုင်ပါပြီ။

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

Happy Birthday ပြည့်ဖြိုးသော်@ဂျူးဂျူး

၁၄-၅-၂၀၁၅ရက်တွင်ရောက်ရှိပါသော မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်ပါပါး၊ ချစ်မာမားတို့နှင့် အတူသာယာချမ်းမြေ့ပြည့်စုံကြွယ်ဝသည့် မိသားစုဘဝကို ပျော်ရွှင်ကြည်နူးစွာ ဖြတ်သန်းနိုင်ပြီး ပါပါးမာမားတို့၏ လုပ်ငန်းများကိုလည်း ဦးဆောင်ဦးရွက်ပြုနိုင်သည့် ထူးချွန်ထက်မြက်သော အနာဂတ်၏ ထွန်းတောက်ကြယ်လေး တစ်ပွင့်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ချစ်ကောကောကြီး(မအေးသိန်းဆေးဆိုင်)**
**မင်္ဂလာဈေး**

**မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်**




LUXURY SHOPPING PARTY AT ROSE DIAMOND
Myanmar New Year Promotion

Location : @ Polo Club (Asia) Residence  Date : 16th May 2015 to 17th May 2015  Time : 10:00 am to 6:00 pm

Contact Ph : (+95)0973224083~4

၁၅.၅.၂၀၁၅ ကြိုတင်လက်မှတ်ရောင်းပြီ

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီစိန်ဂေဟာ)၊ Junction Maw Tin၊ Junction Square၊
မန္တလေး - ဝင်းလိုက်၊ မြို့မ။
ပြည် - မင်္ဂလာထွန်းသီရိ။
လားရှိုး - သီတာအေး၊ အောင်သီရိ၊ သိန်းထိုက်။
တောင်ကြီး - မြသုခ။
မြိတ် - မင်္ဂလာ။
ဘားအံ - တတ်နေဝန်း
အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် တစ်ပြိုင်တည်းပြပြီ။



ကြော်ငြာ


SHARP
ဂျပန်အရည်အသွေးကောင်းပစ္စည်းများနှင့် နှစ်ခြိုက်ပျော်မွေ့ပါ။
AQUOS Quattron Pro
Ion
Plasmacluster
SHARP ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း (၁၀၀)ကျော် ယုံကြည်အားထား လူကြိုက်များသော ဂျပန်ကုန်တံဆိပ်ဖြစ်ပါသည်။ သင့်ဘဝနေထိုင်မှုစနစ်ကို SHARP နှင့်တကွ ဂျပန်နည်းပညာများ နှင့်အတူ ပြောင်းလဲလိုက်ကြပါစို့။
JAPAN TECHNOLOGY
Moe Yu San, Actress,
SHARP Ambassador
မကွေးမြို့တွင် ကျင်းပပြုလုပ်သော
ကျွန်ုပ်တို့၏ "KOTEN" ဈေးရောင်းပွဲတော်သို့
ကြွရောက် လည်ပတ်ကြပါရန်
မေလ ၁၅ရက်နေ့ မှ ၁၇ ရက်နေ့အထိ
Shwe Ayeyar Electronics
& Shopping Center
SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591
KOTEN ပွဲတော်ကျင်းပမည့်နေရာ
ရွှေဧရာ အီလက်ထရောနစ် နှင့် ရှော့ပင်းစင်တာ
မကွေး ရှော့ပင်းမော
SHARP MYANMAR :
https://www.facebook.com/Myanmar.Sharp
www.sharp.com.sg

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၈/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-009(15-16) | Electrical Spares for HDD Rig (46) Items | US$ |
| (၂) | IFB-010(15-16) | Spares for Cooper Well Servicing Unit (11) Items | US$ |
| (၃) | IFB-011(15-16) | Spares for Rig Engine/Rig Pump Ex HDD Rig(16) Items | US$ |
| (၄) | IFB-012(15-16) | Casing Lines (3)Items | US$ |
| (၅) | IFB-013(15-16) | Spares for National Drive Group Ex NAT-55 Drilling Rigs (3) Items | US$ |
| (၆) | IFB-014(15-16) | Spares for Kenworth Trucks (6) Items | US$ |
| (၇) | DMP/L-004(15-16) | 33KV Current Transformer for GCB(5)Sets | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## INVITATION FOR OPEN TENDER(3/2015)
## [ TENDER NO. MPPE/JET A1/T/1(2015-2016)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1(282,000 bbl± 10%)
2. Tender Closing Date &Time - 26-5-2015,12:00 Hrs
3. Tender Opening Date & Time - 26-5-2015,13:00 Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise,Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand(Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Energy, No(6) Complex, Nay Pyi Taw
Contact Phone No.067-411487/ 411486/411280

## အမည်ပြောင်း

ဖားကန့်မြို့နယ်၊ အထက(ဖားကန့်)၊ န၀မတန်း(A)အောင်မှ မမော်ရင်းလုဆန်အောင်အား မလုဆန်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

အ. မ. က(၂၂)လှိုင်၊ စတုတ္ထတန်း(ခ)မှ မောင်ဟိန်းသူရအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းအောင်[၁၂/လမန(နိုင်)၀၀၈၀၉၁)] ဖြစ်ပါကြောင်း။

ဦးမျိုးမင်းအောင်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1091၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**iStock®** ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

**Contact Us ...**
YGN 09-252424002, 09-254151516, 09-43029798
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

## ပညာဘာဝနာဓမ္မရိပ်သာကျောင်းတိုက်
## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်(၁၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၆၃၅-၆၃၈)၊ ပညာဘာဝနာဓမ္မရိပ်သာကျောင်းတိုက်တွင် ၁၇-၅-၂၀၁၅ရက်မှ ၂၂-၅-၂၀၁၅ရက်ထိ ဒုတိယအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပခြင်းနှင့် ဝိပဿနာတရားစခန်းပွဲကို လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းအရ ဆရာကြီး ဦးသန်း၏ တပည့်များအနီးကပ်ညွှန်ပြပေးမည်ဖြစ်ပါ၍ ၂၃-၅-၂၀၁၅ရက်မှ ၃၀-၅-၂၀၁၅ရက်ထိ ဝိပဿနာ(၇)ရက် တရားစခန်းသို့ မည်သူမဆို လာရောက်၍ ကုသိုလ်ယူ တရားအားထုတ်နိုင်ပါသည်။ (နေ့ယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်)
ဆက်သွယ်စာရင်းပေးသွင်းရန်ဖုန်း-၀၉-၄၂၀၀၀၆၁၅၁၊ ၀၁-၈၀၁၀၁၄၁၊ ၀၁-၆၅၂၉၇၁၊
မှတ်ချက်။ ၂၃-၅-၂၀၁၅ရက် ညနေ(၅)နာရီအရောက်။ (မှတ်ပုံတင်ယူဆောင်လာပါရန်)
၂၃-၅-၂၀၁၅ရက် ညနေ(၄)နာရီ တောင်ဥက္ကလာ၊ ဘေလီတံတားထိပ်၌ ကားကြိုပါမည်။




**Modern Myanmar** Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
+ ကျိုက်ထီးရိုး(နေ့စဉ်)+ ချောင်းသာ(နေ့စဉ်)Guest 35000 + ငွေဆောင်(နေ့စဉ်)Hotel 68000
+ ပုဂံ၊ ပုပ္ပါး၊ ဓွယ်တော်လေးဆူ၊ ပစ္စက္ကူ။ Guest 65000/Hotel 120000
+ တောင်ကြီး၊ အင်းလေး၊ ဓမ္မတော်ကတ္တူ။ Guest 70000/Hotel 120000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest 70000/Hotel 120000
May 15 22,29
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

## ပုံစံ(၈)ဝင်ကျွန်း(ပရိဘောဂ)များအား ရောင်းချရန်လေလံကြော်ငြာ
## (၄၊၅/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့မှ ပုံစံ(၈)ဝင် ကျွန်းတံခါး(အဆံမပါ)(၀.၁၁၈၀)တန်နှင့် ဆက်တီထိုင်ခုံလက်တန်း၊ ခြေထောက်(၀.၀၁၈)တန်၊ လက်ပံတန်းမြို့နယ်မှ ပုံစံ(၈)ဝင်ကျွန်းပါကေး (၀.၃၄၉၆)တန်နှင့်တံခါးအဖြစ်မတပ်ဆင်ရသေးသော ကျွန်းခွဲသား(၁.၆၉၄၆)တန်အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၌ (၂၈.၅.၂၀၁၅)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (ပုံစံ(၈)ဝင်ကျွန်း ပရိဘောဂများအား တိုင်းကျော်သယ်ယူခွင့်မပြုပါ)

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကြော်ငြာပါသည့်နေ့မှစ၍ (၂၇.၅.၂၀၁၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဝယ်ယူနိုင်ပြီး မြန်မာ့စီးပွားရေးဘဏ်၏ ငွေပေးအမိန့်လွှာ(PO Cheque)နှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး ၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင် ၊ ဖုန်းနံပါတ် - ၀၅၅ - ၃၀၂၄၇၊ ၀၅၅ - ၃၀၃၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ



## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**အသက်(၆၄)နှစ်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

ပြည်ထောင်စုစာရင်းစစ်ချုပ် သရေစည်သူ ဦးသိန်းထိုက်(ဒုတိယ ဗိုလ်ချုပ်ကြီး-ငြိမ်း) အသက်(၆၄)နှစ်သည် ၃-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ကြေကွဲနက်နဲသော ဝမ်းနည်းမှုဖြင့် ထပ်တူထပ်မျှ ခံစားရပါသည်။

**ဦးမင်းကို**

**Silk Brothers International Co.,Ltd မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ဦးယူစိန် (ရေကြည်)**

**အသက် (၈၆) နှစ်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ဥက္ကဋ္ဌ၊ ရေဝတီဘဏ် ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ဖခင် ဦးယူစိန်သည် (၅-၅-၂၀၁၇)နေ့ (အင်္ဂါနေ့)တွင် Singapore နိုင်ငံ၊ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်၊ ဦးဝင်းစိန်

Asia Express Group Of Companies

### ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

**ဦးယူစိန်(ရေကြည်)**

အသက်(၈၆)နှစ်

ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်(ရေကြည်)အသက် (၈၆)နှစ်သည် ၅. ၅. ၂၀၁၇ရက်(အင်္ဂါနေ့)တွင် Singaporeနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဟန်–ဒေါက်တာသီသီ**

**Tokyo Pipe မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြရင်**

**အသက်(၉၆)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဦးအေးသောင်း၏ မွေးစားမိခင်ဖြစ်သူ ဒေါ်မြရင် အသက်(၉၆)နှစ်သည် ၅-၅-၂၀၁၇ ရက်၊ နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**"စိန်ရွှေထိပ်တန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်**

### အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ခင်မြတ်ဆွေ (Kitty BaToke)**

**အသက်(၆၇)နှစ်**

၂၂-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သွားသော ဒေါ်ခင်မြတ်ဆွေ နာမကျန်းဖြစ်ချိန်မှစ၍ အစစအရာရာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြပါသော အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)မှ ပါမောက္ခ ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ ပါမောက္ခဒေါက်တာ ဦးစိုးအောင်၊ ပါမောက္ခ ဒေါက်တာ ဦးမောင်မောင်ခင်၊ ပါမောက္ခဒေါက်တာဦးညွန့်သိန်း၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဦးကြည်လင်းနှင့်တကွ Right Medical Center နှင့် Asia Royal Hospital မှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စကို အဘက်ဘက်မှ ပြည့်စုံအောင် ပံ့ပိုးကူညီပေးကြပါသော ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ Zifam Pinnacle Pty Ltd, Star Sapphire Co.,Ltdတို့မှ MDနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ပန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ တယ်လီဖုန်း/Email/Social Media တို့ဖြင့် အားပေးနှစ်သိမ့်ကြပါသော ရပ်ဝေးမှမိတ်ဆွေ သင်္ဂဟအပေါင်းအားလည်းကောင်း၊ နာရေးကိစ္စမှ ရက်လည်ဆွမ်းကျွေး အလှူအထိ လိုလေသေးမရှိအောင် စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့်မောင်နှမများ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီမင်းလွင်(ခ)စိုးမင်းဇော် [၁၂/မဂတ(နိုင်)၀၈၉၀၈၂]၏ SSA လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၁၃၈၅၂၃**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန် (ရေကြည်)**

**အသက်(၈၆)နှစ်**

ဦးစိုးတင့်-ဒေါ်ခင်မာချိုတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပန်းချီ မျိုးသန့်အောင်-စန်းစန်းမော်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးယူစိန် (ရေကြည်)**

**အသက်(၈၆)နှစ်**

ဦးစိုးတင့်-ဒေါ်ခင်မာချိုတို့၏ ကျေးဇူးရှင်ဖခင် ဦးယူစိန်သည် ၅-၅-၂၀၁၇ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါ်ခင်စောဝင်း၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်နှင်းရီ**

**VENUS Yoga**

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစောလှ(ငြိမ်း)(သဲကုန်း)**

**အသက်(၈၉)နှစ်**

**ကြည်း-၈၀၁၄ (O.T.S 21)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ဉမ္မာချို၏ခင်ပွန်း ဗိုလ်မှူးစောလှ(ငြိမ်း) သည် ၂၈-၄-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗသက(၂၁) ညီနောင်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန်(ရေကြည်)**

**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital တွင် ၅-၅-၂၀၁၇ ရက် (အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ဇော်-ဒေါ်ယဉ်ယဉ်မြတ်**

**Sustain Co.,Ltd**

**Royal Mayli Kha**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး

**ဦးယူစိန် (ရေကြည်)**

**အသက် (၈၆)နှစ်**

ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ ရေဝတီဘဏ်လီမိတက်) ဒေါ်ငွေငွေခိုင်၊ ဦးတင်မောင်လှိုင် (Executive Director , Myanmar Automobile Development Public Co., Ltd) ဒေါ်ဖြူဖြူတို့၏ဖခင်ကြီးဦးယူစိန် (ရေကြည်) သည် (၅.၅.၂၀၁၇)ရက်နေ့တွင်ကွယ် လွန်သွားကြောင်းသိရှိရပါသဖြင့်မိသားစုနှင့်အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း(MAMDA)

မြန်မာ့မော်တော်ယာဉ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်( MADP)

ဒေါက်တာစိုးထွန်း (Farmer AutoCo.,Ltd)
ဦးဇော်ထိုက်အေး (Zar Tha Pyin CarCo.,Ltd)
ဦးဝင်းမင်းနိုင် (Wai Yan Thaw Dar Co.,Ltd)
ဦးမျိုးမြင့် (Golden Fortune Co.,Ltd)
ဦးမိုးကျော်စွာ (Ayarwaddy Power Co.,Ltd)
ဦးမျိုးမြင့် ( MMM Automobile Co.,Ltd)
ဦးမျိုးဇင်ဝင်း( Swel Taw Ywet Business Group Co.,Ltd)
ဒေါက်တာခန့်ဝင်း( Assurance service Enterprise Co.,Ltd)
ဦးအောင်နိုင်ထွန်း( Ngwe Kyar Yan Co.,Ltd)
ဒေါက်တာကျော်ကျော်အောင် ( Myanmar Trade Center Co.,Ltd)
ဦးဖြိုးဝေထက် (Family Health Co.,Ltd)
ဦးလှဝင်း (Kyaw Myint Win Co.,Ltd)
ဦးထွန်းမြင့် (Oasis Auto Sale Centre)
ဦးသိန်းဟန် (Super Technology Products Services Co.,Ltd)
ဦးအိုရိယံထွန်း (Pathein Thar Services Co.,Ltd)
ဦးကျော်ဝေ (Lwin Kyaw Industrial Development Co.,Ltd)
ဦးမျိုးထွေး (Farmer Phoyarzar Co.,Ltd)
ဦးဖြိုးဟန်သိန်း (KZS International Services Co.,Ltd )
ဦးကျော်ထူး (Htoo Fmily International )
ဦးထွန်းထွန်းကျော် (Hope Flower Trading Co.,Ltd)
ဦးအောင်ဝင်းသန်း (Ko San Trading Co.,Ltd)
ဦးကျော်စွာထွန်းမြင့် (Sat Kyar Shwe Yee Automobile Assembly Co.,Ltd)
ဦးစံလင်း (Super Seven Star Motors Insustry Co.,Ltd)
ဦးစိုးစိုးသန်း (Yangon Arr Man Thit Co.,Ltd)
ဦးခင်မောင်စန်း ( Nippon Auto Services Co.,Ltd)
ဦးမျိုးဇော်အောင် (Diamond Auto Services Co.,Ltd)
ဦးကျော်ဝင်း (Myanmar Green Home Construction Co.,Ltd)
ဦးအောင်ဇော်ဦး (Father's Grate Love Co.,Ltd)
ဦးဝင်းတီ (Ti and Naing Trading Co.,Ltd)
ဦးအေးနိုင် ( Aung Pyi Soe General Trading Co.,Ltd)
ဦးမင်းသန့် ( Min Khant Services Co.,Ltd)
ဦးထိန်လင်းအောင် (Super Auto Group Co.,Ltd)
ဦးမင်းမင်းမောင် ( Wun Yan Kha Services Co., Ltd)
ဦးစံဝင်း (Soe San Automobile Services Co.,Ltd)
ဦးတင်မောင်လတ် ( Theingi Shwe Sin Co.,Ltd)
ဦးအောင်ကျော်ကျော် (Myitar Tun Co., Ltd)
ဦးမျိုးထွန်းနိုင် (Swel Taw Ywet Business Group Co.,Ltd)
ဦးမျိုးဇော်ဟန်း ( Energy Plus Co.,Ltd)
ဦးစိုးလွင် ( Golden Ginga Trading Co.,Ltd)
ဒေါ်ခင်မျိုးနွယ် (Golden Yellow Tree Co.,Ltd)
ဦးသိန်းသန်းဌေး (KTC Myanmar Co.,Ltd)
ဦးဌေးအောင် ( Sakura Trade Center)
ဦးဖြိုးဇေဦး (Myanmar Theingi Service Co.,Ltd)
ဦးအောင်အောင်လွင် (222 Car Production Servicing )
ဦးဝင်းနိုင် @ Fransic ( Doh Shwe Myanmar Servicing )
ဦးစန်းဦး (Kabar Su Trading Co.,Ltd)
ဦးဇေဝင်း ( Royal 63 Services Co.,Ltd)
ဦးဝေယံမင်းနိုင် (Myanmar Super Red Dragon Co.,Ltd)
ဦးကျော်တင်မြင့် (Hope Flower Trading Co., Ltd)
ဦးတင်လှ (Hope Flower Trading Co., Ltd)
ဦးမင်းသူ (Myan Pyi Kyaw Kyar Co., Ltd)
ဦးသန်းထိုက်လွင် (Proven Technology Industry Co., Ltd)
ဦးရွှေလှိုင် (Big Boss Brother Services Co., Ltd)
ဦးကျော်လွင်ဦး (Great Guide Services Co., Ltd)
ဦးမောင်မောင်လွင် ( U Thamardi International Co., Ltd)
ဦးတင်မြ ( Mahar Shwe Co.,Ltd)
ဦးစိုးဝင်းအောင် ( Ming Kaung Power Co.,Ltd)
ဦးထက်မြတ်လင်း ( Paung Paung Services Co.,Ltd)

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးယူစိန် (ရေကြည်)**

**အသက်(၈၆)နှစ်**

ဦးဇော်ဇော်(Chairman-Max Myanmar Holding Co.,Ltd)-ဒေါ်ငွေငွေခိုင်၊ ဦးအုန်းကျော်(Vice Chairman-Max Myanmar Holding Co.,Ltd)-ဒေါ်ခင်မမတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်(ရေကြည်)သည် ၅-၅-၂၀၁၇ ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**

**Sinma Furnishings Co.,Ltd**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ဦးယူစိန် (ရေကြည်)**

အသက် (၈၆) နှစ်

Max Myanmar Holding Co., Ltd. နှင့် AYA Bank ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင် တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီး၌ ၅-၅-၂၀၁၇ (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန်မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Dr. Tin Latt & Group - Audit Firm
MAT Audit & Professional Services
Guardian Independent Certification (Myanmar) Co., Ltd.
Management & Accountancy Training Ltd - Software Team
Management & Accountancy Training Ltd - Training Team

Hot Line No-0930500100

# မြန်မာ့ပတ္တမြားလက်စွပ် ဂျီနီဗာလေလံပွဲ၌



## ဆွစ်ဖရန့်စ် ၂၈ ဒသမ ၃ သန်းဖြင့် ကမ္ဘာ့စံချိန်တင်ဈေးရရှိ

**နေပြည်တော် မေ ၁၃**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၁၂ ရက်က ကျင်းပသည့်လေလံပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ခိုသွေးရောင် ကြီးမားသောပတ္တမြားတစ်ပွင့်ကို ဆွစ်ဖရန့်စ် ၂၈ ဒသမ ၃ သန်း (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃ သန်း) ဖြင့် ရောင်းချခဲ့ပြီး လေလံပွဲသမိုင်းတစ်လျှောက် တန်ဖိုးအကြီးမားဆုံးပတ္တမြား ဖြစ်လာခဲ့ကြောင်း လေလံကုမ္ပဏီ Sotheby က ပြောကြားသည်ဟု dpa သတင်းဝက်ဘ်ဆိုဒ်တွင် ရေးသားဖော်ပြသည်။

အဆိုပါဈေးနှုန်းမှာ ပတ္တမြားတစ်ပွင့်အနေဖြင့် ကမ္ဘာ့အမြင့်ဆုံးဈေးနှုန်းအဖြစ် စံချိန်တင်ခဲ့ပြီး ကာတီးယားလက်ဝတ်ရတနာလုပ်ငန်းမှာ လေလံပွဲ၌ စံချိန်တင်ဈေးနှုန်းသစ် ရရှိခဲ့ခြင်းဖြစ်သည်။ "The Sunrise" ဟု အမည်ပေးထားသည့် အဆိုပါပတ္တမြားမှာ အလေးချိန် ၂၅ ဒသမ ၅၉ ကာရက်ရှိပြီး ပြင်သစ်လက်ဝတ်ရတနာကုမ္ပဏီ ကာတီးယားက လက်စွပ်တစ်ကွင်းပေါ်တွင် အလှဆင်၍ဒီဇိုင်းပုံဖော်ထားသည်။ "ဒီလိုအရွယ်အစားနဲ့ အရောင်ရှိတဲ့ မြန်မာ့ပတ္တမြားက အလွန်ကိုရှားပါးပါတယ်" ဟု Sotheby နိုင်ငံတကာ လက်ဝတ်ရတနာဌာနအကြီးအကဲ ဒေးဗစ်ဘန်းနက်က လေလံပွဲမတိုင်မီ ပြောကြားသည်။ အဆိုပါလက်စွပ်၏တန်ဖိုးကို ဆွစ်ဖရန့်စ် ၁၁ ဒသမ ၇ သန်းနှင့် ၁၇ ဒသမ ၅ သန်းကြားဟု ခန့်မှန်းတွက်ချက်ထားသည်။ **[သုတ]**



ကချင်တိုင်းရင်းသူ L Bawk Nu

## Miss Golden Land Myanmar 2015

## အလှမယ်များထဲမှ မီဒီယာများကရွေးချယ်သည့် အလှမယ်သုံးဦးအား ဆုချီးမြှင့်

**ရန်ကုန် မေ ၁၃**

Miss Golden Land Myanmar 2015 ဖွင့်ပွဲနှင့်အတူ မီဒီယာများကရွေးချယ်ပေးမည့် အလှမယ်သုံးဦးအား ဆုချီးမြှင့်ပေးသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် Miss Golden Land Myanmar 2015 အတွက်ပါဝင်ယှဉ်ပြိုင်ကြမည့် အလှမယ် ၃၁ ဦးထဲမှ စာနယ်ဇင်း သတင်းမီဒီယာသမားများက Media Choice Award အတွက် အလှမယ်သုံးဦးကို ရွေးချယ်ပေးခဲ့ရာ ရွှေတံဆိပ်ဆုကို ကချင်တိုင်းရင်းသူ L Bawk Nu၊ ငွေတံဆိပ်ဆုကို ရဝမ်တိုင်းရင်းသူ မေရှင်းစိန်၊ ကြေးတံဆိပ်ဆုကို ခင်အင်ကြင်းကျော်တို့က ရရှိခဲ့ကြသည်။


"ကျွန်မအနေနဲ့ ဒီဆုကို ရမယ်လို့ မထင်ပါဘူး။ သူငယ်ချင်းတွေအကုန်လုံးလည်း လှနေကြတော့လေ။ အားလုံးထဲမှာမှ ကျွန်မကိုရွေးချယ်တဲ့အတွက် အလွန်ပျော်ပါတယ်။ ကျွန်မက ကချင်တိုင်းရင်းသူတစ်ဦးဖြစ်တဲ့အပြင် မိမိရိုးရာဝတ်စုံနဲ့ပါဝင်ခွင့်ရတယ်။ ဒီဝတ်စုံလေးနဲ့အတူ ဆုရရှိတဲ့အတွက်လည်း ပျော်ပါတယ်။ ဒီဆုက နောက်ဆုံးပြိုင်ပွဲကျရင် အမှတ်ပေးတဲ့အခါ အထောက်အကူဖြစ်စေမှာပါ။" ဟု အသက် (၂၁) နှစ်ရှိ ရွှေတံဆိပ်ရရှိသူ L Bawk Nu ကပြောသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့



ရဝမ်တိုင်းရင်းသူ မေရှင်းစိန်

# အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှစ်ပွဲဆက်နိုင်




*သတင်း၊ ဓာတ်ပုံ - ချစ်ကိုကို*

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ပထမအကြိမ် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲအုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ထိုင်းအသင်းကို သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ထိုင်းအသင်းကို သုံးပွဲပြတ် အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ၂၅-၂၁ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၂၀ မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် လက်ရွေးစင်ကစားသမားအများစုကို အခြေခံဖွဲ့စည်းထားသည့် မြန်မာအသင်းမှာ ယခုပြိုင်ပွဲတွင် နှစ်ပွဲစလုံးအနိုင်ရကာ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ အခြားပွဲစဉ်များတွင် တရုတ်(တိုင်ပေ)အသင်းက သြစတြေးလျအသင်းကို ၂၅-၂၃ မှတ်၊ ၂၆-၂၄ မှတ်၊ ၂၂-၂၅ မှတ်၊ ၂၁-၂၅ မှတ်၊ ၁၅-၁၃ မှတ်ဖြင့် အကြိတ်အနယ် ကစားကာ နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။ တရုတ်နှင့်ဗီယက် နမ်တို့ပွဲတွင် တရုတ်အသင်းက ၂၅-၁၁ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် သုံးပွဲပြတ်၊ အီရန်အသင်းက အိန္ဒိယအသင်းကို ၂၅-၂၃ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၅-၉ မှတ်ဖြင့် သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုတတိယနေ့ပွဲစဉ်များကို မေ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လ်ဒိုက်နှင့်ထိုင်း၊ အိန္ဒိယနှင့် ဖိလစ်ပိုင်၊ သြစတြေးလျနှင့်တရုတ်၊ ကာဇက်စတန်နှင့် ဂျပန်၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်ပါဝင်မည်မဟုတ်ပေ။

**ဒုတိယနေ့ပွဲစဉ်အဖြစ် အီရန်အသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

## မြန်မာ့အသံ၏ Mobile Radio အစီအစဉ် မေ ၁၅ ရက်တွင် စတင်မည်

သတင်းစာမျက်နှာ - ၃

## (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

သတင်းစာမျက်နှာ - ၉




themirror.npt@gmail.com
www.facebook.com/themirrordaily

